# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး
# လုပ်ငန်းကော်မတီ

# MSMEs လုပ်ငန်းများ၏ ဒေသအလိုက်
# ပြပွဲပြိုင်ပွဲများ ကျင်းပပြီးစီးမှုမှတ်တမ်း
# အစီရင်ခံစာ

ပထမအကြိမ် ( ၂၃ . ၂ . ၂၀၁၈ မှ ၂၅ . ၂ . ၂၀၁၈ )

မှ

စတုတ္ထအကြိမ် အထိ ( ၂၉ . ၆ . ၂၀၁၈ မှ ၁ . ၇ . ၂၀၁၈ )

၂၃ . ၇ . ၂၀၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁-၂ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | ဒေသအလိုက်ပါဝင်ပြသသည့်ထုတ်ကုန်အမျိုးအစားများ | ၃-၄ |
| ၄။ | MSME များအတွက် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲနှင့် နှီးနှောဖလှယ်ပွဲများ | ၅-၆ |
| ၅။ | ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ MSMEs ထုတ်ကုန်များ ဒေသတွင်းပြပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော လုပ်ငန်းရှင်များ၏ အကျဉ်းချုပ်ဇယား | ၇-၉ |
| ၆။ | ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ MSMEs ထုတ်ကုန်များ ဒေသတွင်းပြပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိသူများ | ၁၀-၂၇ |
| ၇။ | ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ MSMEs ထုတ်ကုန်များ၏ ပြပွဲနှင့်ပြိုင်ပွဲပြီးနောက် ရရှိလာသော အကျိုးကျေးဇူးများ | ၂၈-၄၇ |
| ၈။ | သုံးသပ်တင်ပြချက် | ၄၈-၄၉ |
| ၉။ | ရှေ့ဆက်ဆောင်ရွက်မည့် ပြပွဲ၊ ပြိုင်ပွဲအစီအစဉ်များ | ၄၉ |
| ၁၀။ | ရလဒ်များအပေါ်အခြေခံ၍ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ | ၄၉-၅၀ |
| ၁၁။ | နိဂုံး | ၅၀ |

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုဖြင့် MSMEs များ၏ ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပပြီးစီးမှု အစီရင်ခံစာ

## နိဒါန်း

၁။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ပထမအကြိမ် ဒေသတွင်း ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် (၂၃.၂.၂၀၁၈) ရက်နေ့မှ (၂၅.၂.၂၀၁၈) ရက်နေ့အထိလည်းကောင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ဒုတိယအကြိမ် ဒေသတွင်း ထုတ်ကုန်များပြပွဲနှင့် ပြိုင်ပွဲကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် (၂၄.၃.၂၀၁၈) ရက်နေ့မှ (၂၆.၃.၂၀၁၈)ရက်နေ့ထိလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ၏ တတိယအကြိမ် ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် (၁၂.၅.၂၀၁၈)ရက်နေ့မှ (၁၄.၅.၂၀၁၈)ရက်နေ့အထိလည်းကောင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ၏ စတုတ္ထအကြိမ် ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် (၂၉.၆.၂၀၁၈)ရက်နေ့မှ (၁.၇.၂၀၁၈) ရက်နေ့ထိလည်းကောင်း အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ထုတ်ကုန်ပြိုင်ပွဲများတွင် အငယ်စား၊ အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များမှ တီထွင်ဆန်းသစ်မှုများ၊ ခေတ်မီအတွေးအခေါ်များဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသည့် ထုတ်ကုန်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ပြပွဲပြိုင်ပွဲများတွင် ပါဝင်ပြသကြသူ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်ဒေသအလိုက် MSME များ အားလုံးအတွက် အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါသည်။

# ပထမအကြိမ် မှ စတုတ္ထအကြိမ်ထိ MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ မှတ်တမ်းဓါတ်ပုံများ







ပထမအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ
(မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့)





ဒုတိယအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ
(မကွေးတိုင်းဒေသကြီး၊ မကွေးမြို့)






တတိယအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ
(ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့)






စတုတ္ထအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ
(ရှမ်းပြည်နယ်၊ တောင်ကြီးမြို့)

## ရည်ရွယ်ချက်

၃။ ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပရခြင်းမှာ MSMEs လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းလာစေရန်၊ ပါဝင်ပြသသူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ ထုတ်ကုန်အရည်အသွေး၊ တီထွင်ဆန်းသစ်မှုများကို လေ့လာနိုင်စေရန်၊ ဒေသအလိုက် ထုတ်ကုန်များကို စားသုံးသူများနှင့် မိတ်ဆက်ပေးနိုင်ရန်၊ ထုတ်လုပ်မှုမှ ကုန်သွယ်မှုအထိ လုပ်ငန်းစဉ်တစ်လျှောက်အတွင်း လိုအပ်ချက်များကို ပိုမိုနားလည်ဆန်းစစ်အဖြေရှာနိုင်စေရန်နှင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် MSME များ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Regional Trade Promotion မှ International Market အတွင်းသို့ လွယ်ကူစွာ ဝင်ရောက်နိုင်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

## ဒေသအလိုက် ပါဝင်ပြသသည့် ထုတ်ကုန်အမျိုးအစားများ

၄။ ပထမအကြိမ် မှ စတုတ္ထအကြိမ်အထိ MSMEs Products ဒေသတွင်း ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ပြသရောင်းချသည့် ထုတ်ကုန်အမျိုးအစားများနှင့် ပြိုင်ပွဲဝင်သည့် လုပ်ငန်းအရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကျင်းပခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်ပြသသည့် ပြခန်းနှင့် လုပ်ငန်းရှင် အရေအတွက် | ပြိုင်ပွဲဝင် အရေ အတွက် | ပါဝင်ပြသခဲ့သည့် ထုတ်ကုန်အမျိုးအစားများ |
|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး | (၁၆၂) ခန်း<br>(၁၁၀) ဦး | (၃၉) ဦး | - ဒေသထွက်စားသောက်ကုန်များ၊<br>- စားသုံးဆီအမျိုးမျိုး၊<br>- ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊<br>- ပယင်း ပစ္စည်းများ၊<br>- လယ်ယာသုံးမြေသြဇာနှင့်စက်ပစ္စည်းများ၊<br>- သစ်အခြေခံထည် ထုတ်ကုန်များ၊<br>- လျှပ်စစ်နှင့် ITပစ္စည်းများ၊<br>- လူသုံးကုန် ပစ္စည်းများ၊<br>- ကြေးသွန်း လုပ်ငန်းများ၊<br>- ကြိမ်ဝါး အခြေခံထည် ပစ္စည်းများ၊<br>- တိုင်းရင်းဆေးအမျိုးမျိုး၊ |
| ၂။ | ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ် | (၁၅၇) ခန်း<br>(၁၀၃) ဦး | (၃၆) ဦး | - ဒေသထွက်စားသောက်ကုန်များ၊<br>- စားသုံးဆီအမျိုးမျိုး၊<br>- ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ |

| စဉ် | ကျင်းပခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်ပြသသည့် ပြခန်းနှင့် လုပ်ငန်းရှင် အရေအတွက် | ပြိုင်ပွဲဝင် အရေ အတွက် | ပါဝင်ပြသခဲ့သည့် ထုတ်ကုန်အမျိုးအစားများ |
|---|---|---|---|---|
| | | | | - ပယင်းပစ္စည်းများ၊<br>- လယ်ယာသုံးမြေဩဇာနှင့်စက်ပစ္စည်း များ၊<br>- သစ်အချောထည် ထုတ်ကုန်များ၊<br>- လျှပ်စစ်နှင့် အိုင်တီပစ္စည်းများ၊<br>- လူသုံးကုန် ပစ္စည်းများ၊<br>- ကြိမ်ဝါး အချောထည်ပစ္စည်းများ၊ |
| ၃။ | ဧရာဝတီတိုင်း ဒေသကြီး | (၁၆၂) ခန်း (၉၈) ဦး | (၃၀) ဦး | - ဒေသထွက်စားသောက်ကုန်များ၊<br>- စားသုံးဆီအမျိုးမျိုး၊<br>- စပါးခွံ သဘာဝလောင်စာတောင့်၊<br>- ဒေသ ထွက်ဆန်နှင့်မြေဩဇာများ ၊<br>- လယ်ယာသုံးစက်ပစ္စည်းများ၊<br>- လျှပ်စစ်နှင့်အိုင်တီပစ္စည်းများ၊<br>- နေလှန်းဆားအမျိုးမျိုး၊<br>- လူသုံးကုန်ပစ္စည်းများ၊<br>- ကြိမ်ဝါး အချောထည်ပစ္စည်းများ၊<br>- တိုင်းရင်းဆေးအမျိုးမျိုး |
| ၄။ | ကယားပြည်နယ် နှင့်ရှမ်းပြည်နယ် | (၁၂၉) ခန်း (၇၄) ဦး | (၂၄) ဦး | -ဒေသထွက်စားသောက်ကုန်များ၊<br>- ဒေသထွက် လက်မှုထုတ်ကုန်များ၊<br>- သီးနှံ တန်ဖိုးမြှင့်ထုတ်ကုန်များ၊<br>- လယ်ယာလုပ်ငန်းသုံးစက်ကိရိယာ များ၊<br>- သီးနှံအခြောက်ခံစက်များ၊<br>- ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း များ၊<br>-IT နည်းပညာဆိုင်ရာ ဝန်ဆောင်မှု များ၊<br>- ရိုးရာအဝတ်အထည်နှင့် အစားအသောက် အမျိုးမျိုး၊<br>- နိုင်ငံခြားဆေးအမျိုးမျိုးနှင့် တိုင်းရင်းဆေးအမျိုးမျိုး၊<br>လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ |

# MSME များအတွက် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲများနှင့်နှီးနှောဖလှယ်ပွဲများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဟောပြောဆွေးနွေးခဲ့သည့် အကြောင်းအရာများ | ဟောပြောဆွေးနွေးသူ |
|---|---|---|---|
| ၁။ | မန္တလေးတိုင်း ဒေသကြီး | - "Development for Small & Medium Sized Food Enterprise in Myanmar"<br>- "SME Loan Support"<br>- "CGI Scheme in Myanmar"<br>- "SME Loan Support"<br>- "SME Loan Support"<br>- "SME Loan Support" | ဦးတင်လင်း(Myanmar Engineering Socitety)<br>မြန်မာ့စီးပွားရေးဘဏ်<br>မြန်မာ့အာမခံလုပ်ငန်း<br>CB Bank<br>SMIDB Bank<br>KBZ Bank |
| ၂။ | မကွေးတိုင်း ဒေသကြီး | - "အမျိုးသားပို့ကုန်မဟာဗျူဟာနှင့် ချိတ်ဆက်၍ ဒေသထွက်ကုန် SME ဖွံ့ဖြိုးတိုးတက်ရေး"<br>- "Food Safety Infrastructure"<br>- "Financial Literacy "<br>- "Business Opportunity In Modern Retail " | ဦးအောင်ကြည်စိုး (UMFCCI)<br><br>ဒုညွှန်မှူး ဦးစိုးနိုင်<br>Dr. မေစိုပြည့်ဏ် (MIP)<br>ဒေါ်လှလှနှင်း(မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း) |
| ၃။ | ဧရာဝတီတိုင်း ဒေသကြီး | - "Unique Product, Unique Region"<br><br><br>- "Ayeyarwaddy Bank Products and Services"<br>- "MEB မှ SME ချေးငွေထုတ်ချေးပေးနေမှုအခြေအနေ " | ဦးအောင်ကြည်စိုးနှင့် ဒေါ်ခိုင်ခိုင်နွယ်(မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း)<br>ဦးနေစိုးရ (ဧရာဝတီဘဏ်)<br><br>မြန်မာ့စီးပွားရေးဘဏ် |
| ၄။ | ကယားပြည်နယ် နှင့် ရှမ်းပြည်နယ် | SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲအခမ်းအနား (၂၉.၆.၂၀၁၈)ရက်နေ့ | |
| | | - "Unique Product, Unique Region" | ဦးအောင်ကြည်စိုး (အတွင်းရေး မှူး၊ လုပ်ငန်း သုံးသပ်မှုအစီရင်ခံရေးအဖွဲ့ )၊<br>ဒေါက်တာအောင်သိန်း (အဖွဲ့ဝင်၊ SME လုပ်ငန်း ကော်မတီ)၊<br>ဦးမျိုးမင်းအောင် (ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်လီ ရောင်းချ သူများအသင်း)၊<br>ဦးမြင့်ဦး(သရက်လုပ်ငန်းရှင်)၊<br>ဦးငွေထွန်း(ကော်ဖီလုပ်ငန်းရှင်) |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဟောပြောဆွေးနွေးခဲ့သည့် အကြောင်းအရာများ | ဟောပြောဆွေးနွေးသူ |
|---|---|---|---|
| | | -"SMIDB Bank Products and Services" | ဒေါက်တာဇေယျာညွန့် (SMIDB, CEO) |
| | | -"MEB မှ SME ချေးငွေထုတ်ချေးပေးနေမှု အခြေအနေ" | မြန်မာ့စီးပွားရေးဘဏ် |
| | | -"စားသောက်ကုန် SME လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန် ဥပဒေ နည်းဥပဒေများ" | ဒေါက်တာနေလင်း(တာဝန်ခံ၊ ရှမ်းပြည်နယ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန) |
| | | SME ထုတ်ကုန်များအား မိတ်ဆက်ခြင်းအခမ်းအနား (၃၀.၆.၂၀၁၈)ရက်နေ့ | |
| | | -ကိုရီးယားနိုင်ငံထုတ် အခြောက်ခံစက်နှင့် ပတ်သက် ၍ မိတ်ဆက်ရှင်းလင်းခြင်း၊ | JROOT မှ ကိုရီးယား ကျွမ်းကျင်ပညာရှင် |
| | | -Good Brother Co.,Ltd၊ လယ်ယာသုံး စက်ပစ္စည်းများနှင့် ပတ်သက်၍ မိတ်ဆက် ရှင်းလင်းခြင်း၊ | (Good Brother Co.,Ltd)မှ တာဝန်ရှိသူတစ်ဦး |
| | | -"ရွှေသူရိန်လင်း"ကုမ္ပဏီ၊ အခြောက်ခံစက် ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်ပုံ အဆင့်ဆင့်ရှင်းလင်းခြင်း၊ | "ရွှေသူရိန်လင်း"ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး |
| | | -"ရီရှင်း"ကုမ္ပဏီ၊ လယ်ယာသုံးထွန်စက်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ | "ရီရှင်း"ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦး |
| | | Business Matching အခမ်းအနား(၂၉~၃၀.၆.၂၀၁၈)ရက်နေ့ | |
| | | -ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်မှ MSMEs လုပ်ငန်းရှင်(၂၅)ဦးနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ Matching ပြုလုပ်ခြင်း၊ | City Mart HoldingCo.,Ltd (CMHL)<br>ABC Convenience Store (ABC) |

# ပထမအကြိမ်မှ စတုတ္ထအကြိမ်ထိ MSMEs Products ဒေသတွင်းပြပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော လုပ်ငန်းရှင်များ၏ အကျဉ်းချုပ်ဇယား

ပထမအကြိမ်မှ စတုတ္ထအကြိမ်ထိ MSMEs ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သောလုပ်ငန်းများ၏ Summarized Data ဇယား

| စဉ် | ပထမအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ<br>(ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး)<br>အသေးစားစီးပွားရေးလုပ်ငန်း | | ဒုတိယအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ<br>(ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး)<br>အသေးစားစီးပွားရေးလုပ်ငန်း | | တတိယအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ<br>(ဧရာဝတီတိုင်းဒေသကြီး)<br>အသေးစားစီးပွားရေးလုပ်ငန်း | | စတုတ္ထအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ<br>(ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်)<br>အသေးစားစီးပွားရေးလုပ်ငန်း | |
|---|---|---|---|---|---|---|---|---|
| ၁။ | ပထမဆု - ကြက်သားဆန်ပြုတ် | | ပထမဆု - မြေဖယောင်းမှုန့် | | ပထမဆု - ပုသိမ်ထီး | | ပထမဆု - Green Tea | |
| | <br>"သားသား ဆန်ပြုတ်" | (အသင့်စားမြန်မာကြက်သား ဆီးချိုဆန်ပြုတ်၊ ဆန်လုံး ညိုဆန်ပြုတ်များထုတ်လုပ်ခြင်း) | <br>"ဝင်းစန္ဒာ" | (ဆောက်လုပ်ရေးလုပ်ငန်းသုံး၊ အလှကုန်လုပ်ငန်းသုံး၊ တိရိစ္ဆာန် အစာနှင့်မြေသြဇာလုပ်ငန်းသုံး မြေဖယောင်းမှုန့် အမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်း) | <br>"ရွှေစာ" | (ပြည်တွင်းဈေးကွက်သာမက ဥရောပ/အာရှနိုင်ငံများမှာပါ ကြိုက်နှစ်သက်စွာဝယ်ယူ လျက်ရှိသည့် ပုသိမ်ထီးများအား ထုတ်လုပ်ခြင်း) | <br>"Nara" | (Green Tea လက်ဖက်ခြောက် ထုတ်လုပ်ခြင်း) |
| ၂။ | ဒုတိယဆု - Coffee Cherry ၊ Coffee Candy နှင့် သဘာဝကော်ဖီမှုန့် | | ဒုတိယဆု - (သစ်ရွက်သစ်ကိုင်း၊ ထင်း၊ မီးသွေး) မီးဖို | | ဒုတိယဆု - အော်ဂဲနစ်ခေါင်းလျှော်ရည်၊ ရေမလိုလက်သန့်ဆီ | | ဒုတိယဆု - ယိုစုံအမျိုးမျိုး | |
| | <br>"Great Ever Top One Co.,Ltd" | (GMP စနစ်နှင့်အညီထုတ်လုပ်ထားသည့် Coffee Cherry ၊ Instant Coffee နှင့် သဘာဝ ကော်ဖီများ ထုတ်လုပ်ခြင်း) | <br>"မြန်မာ့မြေ" | ( လောင်စာကုန်ကျမှုနှင့် အချိန်ပိုမိုသက်သာ ထိရောက် အကျိုးရှိစေသည့် မီးဖိုများ ထုတ်လုပ်ခြင်း) | <br>"United Myanmar & Asia Co.,Ltd" | (အော်ဂဲနစ်ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ body lotion ၊ ရေမလို လက်သန့်ဆီ၊ လက်ဆေးဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ၊မျက်နှာဖြန်း toner များထုတ်လုပ်ခြင်း) |  | (ယိုစုံအမျိုးမျိုး၊ ဝိုင်အမျိုးမျိုး၊ ဟင်းခတ်မှုန့် မျိုးစုံ ထုတ်လုပ်ခြင်း) |
| ၃။ | တတိယဆု - ကြယ်ပဲမိတ်ကပ်ရည် | | တတိယဆု - လူသုံး၊ အိမ်သုံး၊ ဟိုတယ်သုံး ချည်ထည်များ | | တတိယဆု - အသင့်စားငါးနှပ်ခြောက် | | ပူးတွဲ ဒုတိယဆု - ကောက်ရိုးမှို | |
| | <br>"ကောင်းဆက်ဝတီ" | (သဘာဝသီးနှံမှ ခေတ်မီနည်း ပညာဖြင့်ထုတ်လုပ်ထားသည့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း) | <br>"ဂဠုန်မင်းညီနောင်" | (ဝါဂွမ်းအဆင့်မှစပြီးကုန်ချော အဆင့်ထိကိုယ်တိုင်ထုတ်လုပ် လျက်ရှိသည့် စောင်၊ အိပ်ယာခင်း၊ တဘက်စောင်၊ လုံချည်၊ စား ပွဲခင်းနှင့် ဟိုတယ်လုပ်ငန်း သုံးပစ္စည်းများထုတ်လုပ်ခြင်း) | <br>"ဇော်အဏ္ဏဝါ" | (ဓါတုပစ္စည်းနှင့်ဆိုးဆေးများ မပါဝင်သည့် အသင့်စား ငါးနှပ် အချောင်းခြောက်၊ အသင့်စား ငါးနှပ်အပြားခြောက်နှင့် ငါးပိ ထောင်းများ ထုတ်လုပ်ခြင်း) | <br>"ကလောမှို" စိုက်ပျိုးရေးလုပ်ငန်း | (ကြယ်သီးမှို၊ ငွေနှင်းမှို၊ ကောက်ရိုးမှို ထုတ်လုပ်ခြင်း) |
| ၄။ | | | ပူးတွဲတတိယဆု - သဘာဝဇီးနှင့်မန်ကျည်းဖျော်ရည် | | ပူးတွဲတတိယဆု - အဆီကျဂျင်းပျားသံပုရာပေါင်း | | တတိယဆု - အင်းရိုးရာပိုးထည် | |
| | | | <br>"စလေရွှေဆောင်" | (FDA အသိအမှတ်ပြု လက်မှတ် ရရှိထားသည့် သဘာဝဇီးဖျော်ရည်နှင့် မန်ကျည်း ဖျော်ရည်ထုတ်လုပ်ခြင်း) | <br>"အောင်တော်ဝင်" | (ရှားစောင်းလက်ပတ်မှ ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ ရှားစောင်းလက်ပတ်ယို၊ ဓါတ်စာချက်ဆေး၊ အဆီကျဂျင်း ပျားသံပုရာပေါင်း၊ ကျောက်ချဉ် ဆပ်ပြာများထုတ်လုပ်ခြင်း) | <br>"ပဒုမ္မာ" | (အင်းရိုးရာပိုးထည်နှင့် ချည်ထည်အမျိုးမျိုး ထုတ်လုပ်ခြင်း) |
| ၅။ | | | ပူးတွဲတတိယဆု - အသားတိုးကြက်စာ | | ပူးတွဲတတိယဆု - စပါးခြွေလှေ့စက် | | | |
| | | | <br>"ကျော် အသားတိုးကြက်စာ" | (ပြည်ပသွင်းကုန်အစားထိုး ကြက်စာများထုတ်လုပ်ခြင်း) | <br>"ပေါ်လွင်" | (လယ်ယာသုံးစပါးခြွေလှေ့ စက်များအားဝယ်သူစိတ်တိုင်းကျ အသေး၊ အလတ်၊အကြီး (၃) မျိုး ခွဲ၍ ထုတ်လုပ်ခြင်း) | | |
| ၆။ | | | | | ပူးတွဲတတိယဆု - ကြိမ်/ဝါး/သင် ဦးထုပ်အမျိုးမျိုး | | | |
| | | | | | <br>"Aung Family" | (ကြိမ်/ဝါး/ဖေဒါ/သင် တို့မှ ခြင်းတောင်း၊ ဖိနပ်၊ ဦးထုတ်၊ အိတ် အစရှိသည့်ပစ္စည်းများအား ဒီဇိုင်းစုံလင်စွာ ထုတ်လုပ်ခြင်း) | | |

ပထမအကြိမ်မှ စတုတ္ထအကြိမ်ထိ MSMEs ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သောလုပ်ငန်းများ၏ Summarized Data ဇယား

| စဉ် | ပထမအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ (ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး) အလတ်စားစီးပွားရေးလုပ်ငန်း | | ဒုတိယအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ (ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး) အလတ်စားစီးပွားရေးလုပ်ငန်း | | တတိယအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ (ဧရာဝတီတိုင်းဒေသကြီး) အလတ်စားစီးပွားရေးလုပ်ငန်း | | စတုတ္ထအကြိမ် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲ (ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်) အလတ်စားစီးပွားရေးလုပ်ငန်း | |
|---|---|---|---|---|---|---|---|---|
| ၁။ | ပထမဆု - လက်ဖက်ပြည်တွင်းပြည်ပပို့ကုန် | | ပထမဆု - ပဲဆီသန့် | | ပထမဆု - စပါးခွံလောင်စာတောင့် | | ပထမဆု - ကော်ဖီမှုန့်အမျိုးမျိုး | |
| |  "ဦးကာကာ+ဒေါ်စိန် လက်ဖက်" | (ဒေသထွက် လက်ဖက်ကို ဆန်းသစ်တီထွင်မှုများဖြင့် လက်ဖက်အခြေခံစားသောက်ကုန် များထုတ်လုပ်ခြင်း) |  "အမေထွား" | (မြေပဲဆီနှင့်နှမ်းဆီများ ထုတ်လုပ်ခြင်း) |  "မျိုးမြတ်မွန်" | (အလေအလွင့်စပါးခွံများကို ကုန်ကြမ်းအဖြစ်သုံးစွဲ၍ စပါးခွံ လောင်စာတောင့်များ ထုတ်လုပ်ခြင်း) |  “ဉာဏ်ကြီးရှင်” | (ကော်ဖီမှုန့် အမျိုးမျိုး၊ အသင့်သောက် ကော်ဖီများ ထုတ်လုပ်ခြင်း) |
| ၂။ | ဒုတိယဆု - ပန်းဂျုံဆိုဂျူ | | ဒုတိယဆု - သဘာဝဆီးဖျော်ရည်နှင့် မန်ကျည်းဖျော်ရည် | | ဒုတိယဆု - သဘာဝဆားကြမ်း၊ ဆားချောများ | | ဒုတိယဆု - လက်ဖက်စို၊ လက်ဖက်ခြောက် | |
| |  "မန္တလေးရွှေရည်" | (ပန်းဂျုံအခြေခံ၍ အချိုရည် နှင့်ဖျော်ရည်များထုတ်လုပ်ခြင်း) |   " JUMJEL" | (FDA အသိအမှတ်ပြုလက်မှတ် ရရှိထားသည့်သဘာဝဆီးဖျော်ရည် နှင့် မန်ကျည်းဖျော်ရည် ထုတ်လုပ်ခြင်း) |  "ဆားကြမ်းထုတ်လုပ်သူအစုအဖွဲ့" | (ပင်လယ်ရေငံမှ နေလှန်းဆားကြမ်း/ဆားချောများ ထုတ်လုပ်ခြင်း) |  “ပါဝါမောရှမ်း” | (လက်ဖက်စို၊ လက်ဖက်ခြောက် အမျိုးမျိုးထုတ်လုပ်ခြင်း) |
| ၃။ | တတိယဆု - သောက်ရေသန့် | | တတိယဆု - ပြောင်းဖူးထုတ်ကုန်များ | | တတိယဆု - သင်ဖျာနှင့် သင်ဖျာဆိုဖာခေါင်းဦး | | တတိယဆု - လက်ဖက်ခြောက် | |
| |   "Lucky Drinking Water" | (ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းများကိုသုံး၍ အရည်အသွေးမြင့်သောက်ရေသန့် များထုတ်လုပ်ခြင်း) |   "ရန်ပယ်" | (ပြောင်းဖူးအား အခြေခံ၍ စားသောက်ကုန်များ ထုတ်လုပ်ခြင်း) |  "သင်နှင့်သင်ဖျာလုပ်ငန်း" | (သင်ဖျာများအပြင်သင်ဖျာများအား ဆိုဖာထည့်သွင်း၍ တရားထိုင်ဖျာ၊ ဆက်တီဖျာ၊ ကားကူရှင်၊ ခေါင်းဦး၊ လက်ကိုင်အိတ်၊ ဖုန်းအိတ်၊ ပိုက်ဆံအိတ်နှင့် ဖိနပ်များအား ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်း) |   “Mother Love” | (လက်ဖက်ခြောက် အမျိုးမျိုးထုတ်လုပ်ခြင်း) |
| ၄။ | | | ပူးတွဲတတိယဆု - ထန်းပရိဘောဂများ | | ပူးတွဲတတိယဆု - စပါးခြွေလှေ့စက် | | ပူးတွဲတတိယဆု - စပျစ်ဝိုင် | |
| | | |  "3 Seasons Furniture" | (သက်တမ်းကုန်ထန်းပင်များအား အသုံးပြု၍ ပရိဘောဂများ ထုတ်လုပ်ခြင်း) |  "စိန်ရွှေငွေ စက်မှုလုပ်ငန်း" | (လယ်ယာသုံးစက်ပစ္စည်း ကိရိယာများအပြင် မိချောင်းကွမ်း ဖတ်ခြွေလှေ့စက်များထုတ်လုပ်ခြင်း) |  “Red Mountain” | (စပျစ်ဝိုင်အဖြူ၊ စပျစ်ဝိုင်အနီ စပျစ်ဝိုင်အမျိုးမျိုး ထုတ်လုပ်ခြင်း) |
| ၅။ | | | | | ပူးတွဲတတိယဆု - ကွန်ပျူတာဇာထိုးပန်းထိုးထုတ်ကုန် | | ပူးတွဲတတိယဆု - အိမ်သုံးပရိဘောဂများ | |
| | | | | |  " Pathein Embroidery Co.,Ltd" | (ကွန်ပျူတာပန်းထိုး Logo၊ Design များရေးဆွဲထုတ်လုပ်ခြင်း) |  “နေအောင်” | (စားပွဲ၊ ကုတင်၊ ကျွန်းတံခါး စသည် အိမ်သုံးပရိဘောဂ အမျိုးမျိုးထုတ်လုပ်ခြင်း) |

ပထမအကြိမ်မှ စတုတ္ထအကြိမ်ထိ

MSMEs Products ဒေသတွင်းပြပွဲနှင့်

ပြိုင်ပွဲများတွင် ဆုရရှိသူများ

# ကချင်ပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးမှ ဆုရရှိသူများ

၅။ ဆုရလုပ်ငန်းများ၊ ထုတ်ကုန်များနှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| အငယ်စားစီးပွားရေးလုပ်ငန်း | | | |
|---|---|---|---|
| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
| ၁။ | ပထမဆု<br>ကြေးသွန်းထည်<br><br>ကြာငါးပွင့်ကြေးသွန်း လုပ်ငန်း | ကြေးသွန်းပစ္စည်း အမျိုးမျိုး၊ ဖိုက်ဘာ ရုပ်ထုနှင့် ပလာစတာ ရုပ်ထုများ<br><br>ဦးတင်ထွေး<br>၀၉-၇၈၃၆၆၆၉၄ | ကြေးသွန်းရုပ်ထုများ ထုတ်လုပ်ရာ၌ ပြည်တွင်း/ပြည်ပမှ နည်းပညာများကို လေ့လာရယူပြီး ဖိုက်ဘာရုပ်ထု၊ အင်္ဂတေရုပ်ထု၊ ပလာစတာရုပ်ထု၊ ဘုရားဆင်းတု၊ နိုင်ငံအလိုက်ခေါင်းဆောင်ရုပ်ထု၊ အန်းကုန်းရုပ်ထု စသည်ဖြင့် ထုတ်လုပ်ခြင်း၊ ရုပ်ထုပြုလုပ်ပြီး ဘေးထွက်ရှိခြောက်များကို ပြန်ကြိတ်၍ အသုံးပြုခြင်း၊ မြေသားကြိတ်စက်၊ ဖယောင်းပြားကြိတ်စက်များတီထွင်ခြင်း၊ |
| ၂။ | ဒုတိယဆု<br>ပယင်းပရုပ်ဆီ၊ ပယင်းရှူဆေး<br><br>ရွှေအုပ်ဆောင်း ပယင်းအထောက်အကူပြု ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း | ပယင်းဖြင့်ပြုလုပ်သော လူသုံးကုန် ပစ္စည်း အမျိုးမျိုး<br><br>ဒေါ်နီနီလွင်<br>၀၉-၇၉၀၇၇၃၅၄၃ | ဘေးထွက်ပစ္စည်း ပယင်းကျောက်များရှိ အဆီကိုထုတ်ယူ၍ ကျန်းမာရေးအထောက်အကူပြုနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းဈေးကွက်အပြင် တရုတ်နိုင်ငံသို့ ထုတ်ကုန်အားမိတ်ဆက်၍ တင်ပို့ရောင်းချခြင်း၊ ပယင်းမှုန့်အလေအလွင့်များအား စိုက်ပျိုးရေးခြံများတွင် မြေဩဇာအရည်အဖြစ် ပြန်လည် အသုံးပြုခြင်း၊ |
| ၃။ | တတိယဆု<br>သံဆူးကြိုး<br><br>စူပါစတား သံဆူးကြိုး၊ သံဇကာ၊ ချိန်းလင့်လုပ်ငန်း | သံဆူးကြိုး၊ဘလိတ်ဓါး၊ သံဇကာနှင့် ချိန်းလင့်များ<br><br>ဦးစိုင်းသက်ထွန်းဦး<br>၀၉-၄၀၂၆၄၈၅၂၃ | သံဆူးကြိုး၊ ဘလိတ်ဓါး၊ သံဇကာနှင့် ချိန်းလင့်များကို ပြည်တွင်းဈေးကွက်နှင့် လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရန် လွယ်ကူသော ထုတ်ပိုးစနစ် အသုံးပြုခြင်း၊ ထုတ်ကုန်အရေအတွက်တိုးတက်ရန် စက်များအား တီထွင်ထုတ်လုပ်ခြင်း၊ Steel Welding သင်တန်းများပေးခြင်း၊ မလေးရှားနိုင်ငံသို့ တင်ပို့ခြင်း၊ Waste သံတိုသံစများအား သံရည်ကြို၍ ပြန်လည်အသုံးပြုခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၄။ | - ပူးတွဲ တတိယဆု ဟိုတယ်သုံးသစ်သား အလှမီးအိမ်<br><br>Mr.Teak ပရိဘောဂလုပ်ငန်း | သစ်သားမီးအိမ်များ၊ နံရံကပ်မီးအိမ်များ၊ စားပွဲတင်မီးအိမ်များ နှင့် အလှ ကုလားထိုင်များ<br><br>ဦးထင်ကျော်<br>၀၉-၄၀၂၅၁၇၀၈၅ | သစ်သားအပိုင်းအစ အလေအလွင့်များကို တီထွင်ကြံဆ၍ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များနှင့် ဥယျာဉ်ပန်းခြံများတွင် အသုံး ပြုသောအလှမီးအိမ်၊ စားပွဲတင်မီးအိမ် စသည်တို့ကို တိကျသပ်ရပ်စွာဖြင့် ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ ဘေးထွက်လွှစာမှုန့်များကို By-Product ထုတ်လုပ်သူများသို့ ပေးသွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း၊ |

## အသေးစားစီးပွားရေးလုပ်ငန်း

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၁။ | ပထမဆု ကြက်သားဆန်ပြုတ်<br><br>သားသား ဆန်ပြုတ်လုပ်ငန်း | ကြက်သားဆန်ပြုတ်၊ သက်သတ်လွတ် ဆန်ပြုတ်၊ ဆီးချို ဆန်ပြုတ်နှင့် ဆန်လုံးညို ဆန်ပြုတ်များ<br><br>ဦးဇော်ဇော်<br>၀၉-၂၀၀၃၂၄၉ | ဆန်ကို Innovative Idea ဖြင့် လူမျိုးဘာသာမရွေးစားသုံးနိုင်သည့် အသင့်စားဆန်ပြုတ်များအား တစ်ခါသောက်ထုပ်များအပြင် လူ(၅) ဦး၊ လူ(၁၀)ဦး သောက်သုံးနိုင်သည့် ဂျပ်ဘူးဖြင့် ထုတ်လုပ်ခြင်း၊ ပစ္စည်းအရည်အသွေးကို တစ်နှစ်တစ်ခါ ပြည်လည်စိစစ်ခြင်း၊ ဂျပန်၊ မကာအို၊ ထိုင်ဝမ်၊ ဗီယက်နမ် နှင့် ထိုင်းနိုင်ငံ တို့သို့ တင်ပို့ရန် ညှိနှိုင်းလျက်ရှိခြင်း၊ PUM Netherlands မှ ပညာရှင်၏ အကြံပြုချက်ဖြင့် (၃)နှစ် Plan ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိခြင်းတို့အပြင် ဆန်၊ အချဉ်ရည်၊ နို့ဆန်ပြုတ်၊ နို့ထမင်းနှင့် အသင့်စားထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်ရန် စီစဉ်လျက်ရှိခြင်း၊ |
| ၃။ | တတိယဆု ကြယ်ပဲမိတ်ကပ်ရည်<br><br>ကောင်းဆက်ဝတီ ကြယ်ပဲ မိတ်ကပ်ရည်လုပ်ငန်း | ကိုယ်တိုက်ဆပ်ပြာ၊ Day & Night Cream နှင့် Cosmetic များ<br><br>ဒေါ်ညီမွှေ့ဝါခင်<br>၀၉-၄၄၀၂၂၄၆၄၉ | ယခင်က ကြယ်ပဲကို ကျန်းမာရေးအစားအစာအဖြစ်ထုတ်လုပ်ရာမှ အင်တာနက်မှ နည်းပညာများလေ့လာရယူပြီး Value-added လူသုံးကုန် Cosmetic များ အဖြစ်သို့ ထုတ်လုပ်လာနိုင်ခြင်း၊ ထုတ်ကုန် အရည်အသွေး တသမတ်တည်းရှိစေရန် ဌာနဆိုင်ရာ ဓါတ်ခွဲခန်းများတွင် စစ်ဆေးခြင်း၊ ရန်ကုန်၊ မန္တလေး၊ မင်းဘူး၊ စစ်တွေနှင့် မူဆယ်မြို့များသို့ ဖြန့်ဖြူးရောင်းချခြင်း၊ ဘေးထွက်ပစ္စည်း ကြယ်ပဲခွံများကို တိရိစ္ဆာန်အစားအစာနှင့်မြေသြဇာအဖြစ်ပြန်လည်အသုံးပြုခြင်း၊ ငါးမှုန့်များနှင့်တွဲစပ်ကာ ဟင်းခတ်မှုန့်အဖြစ် ထုတ်လုပ်ရောင်းချခြင်း၊ |

| အလတ်စားစီးပွားရေးလုပ်ငန်း | | | |
|---|---|---|---|
| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
| ၁။ | ပထမဆု<br>လက်ဖက်ပြည်တွင်း/ ပြည်ပ ပို့ကုန်<br><br>ဦးမျိုးသန့်ဆွေ၊ ဦးကာကာ+ ဒေါ်စိန် လက်ဖက်လုပ်ငန်း | လက်ဖက်ခြောက်၊ လက်ဖက်အစုံထုတ်၊ လက်ဖက်ဆူရှိ နှင့် လက်ဖက်ကြက်ဥ လိပ်များ၊<br><br>ဦးမျိုးသန့်ဆွေ<br>၀၉-၄၅၈၇၈၈၈၉၅ | စားသုံးသူများ၏ ပြောင်းလဲလာသော စားသုံးမှုကို အခြေခံလျက် ထုတ်ကုန်များကို ဆန်းသစ်ထုတ်လုပ်ခြင်း၊ GMP စနစ်ဖြင့် ထုတ်လုပ်ခြင်း၊ ထုတ်ပိုးမှု ကောင်းမွန်ခြင်း၊ ကွန်ပျူတာ ကွန်ထရိုးများဖြင့် မောင်းနှင်ခြင်း၊ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းလိုင်စင်များအပြင် HACCP (Hazard Analysis & Critical Control Points) နှင့် FDA ရရှိထားခြင်း၊ ပြည်တွင်း သာမက ဂျပန်၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့သို့ မိတ်ဆက်တင်ပို့ခြင်း၊ လက်ဖက် ဘေးထွက်ပစ္စည်းများကို ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲများအဖြစ် ထုတ်လုပ်ရောင်းချနေခြင်း၊ |
| ၂။ | ဒုတိယဆု<br>ပန်းဂျုံဆိုဂျူ<br><br>မန္တလေးရွှေရည် Co., Ltd. | ပျားရည်၊ ဆိုဂျူ နှင့် ဖျော်ရည်များ<br><br>ဦးတင်လင်းကြည်<br>၀၉-၄၀၂၇၆၆၇၁၃ | ပန်းဂျုံကိုအသုံးပြု၍ Value-added ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း နှင့် မြောက်ပိုင်းတို့တွင် ပန်းဂျုံကို ဘိန်းအစားထိုးသီးနှံအဖြစ် Organic နည်းစနစ်များနှင့်အညီ စိုက်ပျိုးခြင်း၊ ခေတ်မီစက်ကိရိယာများဖြင့် ထုတ်လုပ် ခြင်း၊ တိုင်းတာခြင်း၊ FDA ၊ ISO 9001၊ ISO 2008 များရရှိထားခြင်း၊ ဂျပန်နှင့် အမေရိကန်နိုင်ငံများသို့ ပျားရည်တင်ပို့ခြင်း၊ |
| ၃။ | တတိယဆု<br>သောက်ရေသန့်<br><br>လပ်ကီးသောက်ရေသန့် လုပ်ငန်း | 0.7 Liter, 1 Liter နှင့် 20 Liter သောက်ရေသန့်များ<br><br>ဒေါ်စတယ်လာ<br>၀၂-၄၀၇၀၇၃၆ | ဝန်ထမ်း(၃၀၀)ဦးကို အလုပ်အကိုင်အခွင့်အလမ်း ပေးနိုင်ခြင်း၊ ကွန်ပျူတာကွန်ထရိုးများဖြင့် မောင်းနှင် ခြင်း၊ FDA ၊ ISO 9001၊ ISO 2008 များရရှိထားခြင်း၊ အထက်မြန်မာပြည် ဈေးကွက်ကိုရရှိထားခြင်း၊ စွန့်ပစ်ပလတ်စတစ်များကို ရေပုံး၊ တံမြက်စည်း၊ ကော်ပြားများ ထုတ်လုပ်ခြင်း၊ စက်ရုံ ကို Energy Saving ဖြစ်စေရန်၊ လေဝင်လေထွက် ကောင်းစေရန် ဆောက်လုပ်ထားခြင်း၊ |

## ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး မှ ဆုရရှိသူများ

၆။ ဆုရလုပ်ငန်းများ၊ ထုတ်ကုန်များနှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| အငယ်စားစီးပွားရေးလုပ်ငန်း | | | |
|---|---|---|---|
| စဉ် | ဆုအမျိုးအစားနှင့်<br>ဆုရလုပ်ငန်း | ထုတ်ကုန်<br>အမယ်များ | ဆုရရှိမှုဆိုင်ရာ<br>အချက်အလက်များ |
| ၁။ | ပထမဆု<br>ချင်းတောင်ကော်ဖီ<br><br>Hornbill ချင်းသဘာဝ ကော်ဖီမှုန့်၊ ကော်ဖီ Cherry လုပ်ငန်း | ချင်းသဘာဝ ကော်ဖီမှုန့်၊ ကော်ဖီ Cherry နှင့် သန့်ရှင်းသော ကော်ဖီစေ့များ<br><br>ဦးမာဟုန်း<br>၀၉ ၄၀၀၃၀၀၀၄၇ | ချင်းတောင်တန်းတွင် ပေါက်ရောက်နေသည့် သဘာဝကော်ဖီပင်များမှ အရည်အသွေးမြင့် ကော်ဖီထုတ်ကုန်များ ထုတ်လုပ်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ ကော်ဖီအခြေခံစားသောက်ကုန်ပစ္စည်းများ နှင့် အလှကုန်များ ထုတ်လုပ်၍ ပြည်ပဈေးကွက် ချိတ်ဆက် ဆောင်ရွက်လျက်ရှိခြင်း၊ ထုတ်ကုန် အရည်အသွေး၊ ထုပ်ပိုးမှုစနစ်နှင့် ကုန်ပစ္စည်း၏ သန့်ရှင်းလတ်ဆတ်မှုကို အလေးထားဆောင်ရွက်ခြင်း၊ |
| ၂။ | ဒုတိယဆု<br>သဘာဝခေါင်းလျှော်ရည်၊ စပါးလင်ခြင်ဆေး<br><br>ဆရာဘိုင်အို သဘာဝအော်ဂဲနစ် ပစ္စည်းထုတ်ကုန်လုပ်ငန်း | သဘာဝခေါင်းလျှော်ရည်၊ ရေ ဆိုးသန့်ဆေးရည်၊ စပါးလင် ခြင်ဆေး၊ ဆပ်ပြာ နှင့် ရေမလို လက်သန့်ဆေးများ<br><br>ဦးဝင်းမြင့်အောင်<br>၀၉ ၄၅၀၅၀၇၀၆၄ | သဘာဝဆေးဘက်ဝင်ပစ္စည်း၊ အသီးအရွက်တို့ဖြင့် လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်အောင် နှစ်ပေါင်းကြာရှည်စွာ ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ Customer များ၏ Feed Back များကို နားထောင်ပြီး တဆင့်ပြီးတဆင့် ပြုပြင်ပြောင်းလဲနိုင်ခြင်း၊ အသစ်သစ် သော ထုတ်ကုန်အမယ်သစ်များကို ကြံဆတီထွင် ထုတ်လုပ်လျက်ရှိခြင်း၊ |
| ၃။ | တတိယဆု<br>အုန်းသီးဇီးကွက်ရုပ်<br><br>ရွှေလက်ရာအုန်းသီးခြောက် လက်မှုပညာလုပ်ငန်း | အုန်းသီးဖြင့်ပြုလုပ်သော ဇီးကွက်ရုပ်၊ မျောက်ရုပ်၊ နဂါးရုပ်၊ ဆင်ရုပ်နှင့် အရုပ်မျိုးစုံ<br><br>ဦးဌေးအောင်<br>၀၉ ၄၀၁၅၆၀၉၆၅ | သဘာဝအုန်းသီးခြောက် ကုန်ကြမ်းများကို အသုံးပြု၍ Value-added Handicraft များအား အနုပညာမြောက်စွာ ထုတ်လုပ်နိုင်ခြင်း၊ အရုပ်များအား ဆေးခြယ်ရာတွင် ဆွဲဆောင်မှုရှိအောင်ပုံဖော်နိုင်ခြင်း၊ ဈေးကွက်ဝယ်လိုအားကောင်းမွန်သည့်အတွက် လူငယ်၊ လူရွယ်များအား ပညာသင်ပေးပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်ခြင်း၊ |

## အသေးစားစီးပွားရေးလုပ်ငန်း

| စဉ် | ဆုအမျိုးအစားနှင့်<br>ဆုရလုပ်ငန်း | ထုတ်ကုန်<br>အမယ်များ | ဆုရရှိမှုဆိုင်ရာ<br>အချက်အလက်များ |
|---|---|---|---|
| ၁။ | ပထမဆု<br>မြေဖယောင်းမှုန့်<br><br>ဝင်းစန္ဒာမြေဖယောင်းမှုန့်<br>ထုတ်လုပ်သည့်လုပ်ငန်း | မြေဖယောင်းမှုန့်၊<br>မျက်နှာလိမ်းခရမ်<br>နှင့်သနပ်ခါး စသည့်<br>ထုတ်ကုန်များ<br><br><br>ဦးဝင်းဆွေ<br>၀၉ ၄၄၂၃၀၁၂၅၆ | ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေဖယောင်းမှုန့်၊ မျက်နှာလိမ်းခရင်၊ သနပ်ခါးစသည့် ထုတ်ကုန်များကို သဘာဝမြေကြီးမှ ထုတ်လုပ်နိုင်ခြင်း၊ ထုတ်ပိုးမှုစနစ် ကောင်းမွန်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်တွင် တံတားတည်ဆောက်ရေး လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများသို့ ရောင်းချလျက်ရှိခြင်း၊ ပြည်ပ ဈေးကွက်အနေဖြင့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သို့ ဝယ်လက်များမှ တစ်ဆင့်ရောင်းချလျက်ရှိခြင်း၊ |
| ၂။ | ဒုတိယဆု<br>(သစ်ရွက်၊ သစ်ကိုင်း၊ ထင်း၊<br>မီးသွေး) မီးဖို<br><br>မြန်မာ့မြေစွမ်းအားမြှင့်<br>အေဝမ်းမီးဖိုလုပ်ငန်း | မီးဖိုအရွယ်အစား<br>Size စုံများ<br><br>ဦးအောင်ချိုဦး<br>၀၉ ၇၉၂၁၅၂၈၅၇ | လောင်စာကုန်ကျမှုကို လျော့ချနိုင်ခြင်း၊ လယ်ယာစွန့်ပစ်ပစ္စည်းများ၊ ထင်း၊ မီးသွေးနှင့် အစားထိုးလောင်စာတောင့်များဖြင့် လွယ်ကူ သက်သာစွာချက်ပြုတ်နိုင်ခြင်း၊ သမားရိုးကျ ဖိုခနောက်မီးဖိုများနှင့် နှိုင်းယှဉ်လျက် လောင်စာ ကုန်ကျမှုများစွာလျော့နည်းစေခြင်းနှင့် ချက်ပြုတ်ချိန် မြန်ဆန်ခြင်း၊ |
| ၃။ | တတိယဆု<br>ချည်ထည်ပစ္စည်းများ<br><br>ဂျူန်မင်းညီနောင်<br>ချည်ထည်လုပ်ငန်း | စောင်၊ အိပ်ယာခင်း၊<br>လုံချည်၊စားပွဲခင်း၊<br>လက်သုပ်ပဝါ၊<br>လွယ်အိတ်၊<br>လက်ကိုင်အိတ်၊<br>သစ်ခေါက်ဆိုး<br>သင်္ကန်း၊ ခြုံထည်<br>တဘက်၊<br><br>ဒေါ်နီလာ<br>၀၉ ၇၉၂၃၀၀၇၇၁ | ဒေသထွက် ဝါဂွမ်းမှ ကုန်ချောအထိ Supply Chain တလျောက် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ခြင်း၊ လက်ရာသေသပ်ခြင်းနှင့် ဒီဇိုင်းဆန်းသစ်ခြင်းတို့ကြောင့် အဆင့်မြင့်ဟိုတယ်များတွင် အသုံးပြုလာခြင်း၊ ပြပွဲများမှတဆင့် City Mark များ၊ ဟိုတယ်များ၊ Resort များနှင့် ဈေးကွက်ချိတ်ဆက်လာနိုင်ခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၄။ | -ပူးတွဲတတိယဆု သဘာဝဇီး၊ မန်ကျည်းဖျော်ရည်   စလေရှေ့ဆောင် သဘာဝဇီး၊ မကျည်းဖျော်ရည်လုပ်ငန်း | သဘာဝဇီး၊ မကျည်း ဖျော်ရည်၊  ဒေါ်အေးအေးနိုင် ၀၉ ၈၉၆၅၆၅၈၀၁၅ | ဒေသထွက်ကုန်ကြမ်းကို အသုံးပြု၍ Value-added ပြုလုပ်နိုင်ခြင်း၊ အမျိုးသမီးစွန့်ဦး တီထွင် လုပ်ငန်းရှင်ဖြစ်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ လုပ်သား များအား ကျွမ်းကျင်ရေးသင်တန်းများ ပို့ချပေး ခြင်း၊ ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများတွင် ပါဝင် ပြသခြင်း၊ ပြည်ပဈေးကွက်ထိုးဖောက် နိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ |
| ၅။ | - ပူးတွဲတတိယဆု အသားတိုးကြက်စာ   ကျော် အသားတိုးကြက်စာ လုပ်ငန်း | အသားတိုးကြက်စာ  ဦးကျော်ဇေယျ ၀၉ ၇၇၁၀၉၃၁၈၈၇၁ | ကုမ္ပဏီဝန်ထမ်းဘဝမှ လုပ်ငန်းရှင်ဖြစ်လာသော စွန့်ဦးတီထွင်သူဖြစ်ခြင်း၊ သွင်းကုန်အစားထိုး ထုတ်ကုန်ဖြစ်ခြင်း၊ ကုန်ကြမ်း၊ ကုန်ချော ထားသိုမှုစနစ် ကောင်းမွန်ခြင်း၊ ထုတ်ကုန် အရည်အသွေးကို စက်ရုံဓါတ်ခွဲခန်းသို့ပို့၍ စစ်ဆေးခြင်း၊ ဆိတ်စာ၊ ဝက်စာများပါထုတ်လုပ် နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်း၊ ထုတ်လုပ်မှု တွင် လောင်စာအဖြစ် စပါးခွံနှင့် ဇီးကွဲစများကို အသုံးပြုသဖြင့် စွမ်းအင်ချွေတာနိုင်ခြင်း၊ |

**အလတ်စားစီးပွားရေးလုပ်ငန်းများ**

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၁။ | ပထမဆု ပဲဆီသန့်   အမေထွားပဲဆီသန့်လုပ်ငန်း | ပဲဆီ၊ နှမ်းဆီအမျိုးမျိုး  ဦးဌေးအောင် ၀၉ ၇၈၅၃၄၁၂၉၂ | ဒေသထွက် ပြည်တွင်း အရည်အသွေးမြင့် ကုန်ကြမ်းကို အသုံးပြုထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှု အရည်အသွေးဆိုင်ရာ ISO လက်မှတ်ရရှိလာခြင်း၊ ဒေသတွင်း အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင် ခြင်း၊ မြေပဲ၊ နှမ်းမျိုးစေ့များဖြန့်ဝေခြင်းနှင့် Contract Farming စနစ် စတင်ဆောင် ရွက်ခြင်း၊ နိုင်ငံတကာအဆင့်မီ ပဲဆီသန့် စက်ရုံစတင်တည်ထောင်ခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၂။ | ဒုတိယဆု<br>ဇီး၊ မန်ကျည်းဖျော်ရည်<br><br><br>JUMJELသဘာဝဇီး၊<br>မန်ကျည်း ဖျော်ရည်လုပ်ငန်း | သဘာဝဇီး၊ မန်ကျည်း ဖျော်ရည်<br><br>ဒေါ်သက်စုငွေ<br>၀၉ ၂၃၀၅၅၃၀ | အမျိုးသမီးစွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ဦး ဖြစ်ခြင်း၊ ခိုင်မာသည့် ဈေးကွက်တစ်ခုကို တည်ထောင်နိုင်ခြင်း၊ စလေဇီးသီးများထွက်ရှိရာဒေသမှ ဇီးကုန်ကြမ်းနှင့် အညာဒေသထွက် မန်ကျည်းကုန်ကြမ်းများကို အခြေခံထုတ်လုပ်ထားခြင်း၊ ဓါတုဆိုးဆေးမပါဘဲ သဘာဝအသီးစစ်စစ်ကိုသာ ထုတ်လုပ်ထားခြင်း၊ ဇီး နှင့် မန်ကျည်း Jam များ၊ တော်ဖီများ ထုတ်လုပ်ရန် စီစဉ်လျှက်ရှိခြင်း၊ ဇီးဆံကို ကိုရီးယားနိုင်ငံသို့ တင်ပို့ရန် ချိတ်ဆက်လျှက်ရှိခြင်း၊ HACCP နှင့် ISO ရရှိရန် ကြိုးပမ်းဆောင်ရွက်နေခြင်း၊ |
| ၃။ | တတိယဆု<br>ပြောင်းဖူးထုတ်ကုန်<br><br><br>ရန်ပယ်ပြောင်းဖူးထုတ်ကုန်<br>ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း | ပြောင်းဖူးမုန့်၊ ပြောင်းဖူးကော်မှုန့်၊ ဆေးဝါးသုံးကော်မှုန့်<br><br><br>ဒေါ်စန်းစန်းရီ<br>၀၉ ၅၀၃၁၇၈၃ | ပြည်တွင်းထွက်ကုန်ကြမ်း(ပြောင်းဖူး)ကို အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ခြင်း၊ အရည်အသွေးစစ်ဆေးနိုင်ရန် ကိုယ်ပိုင်ဓါတ်ခွဲခန်း တည်ထောင်ထားခြင်း၊ ထုတ်ကုန်ပစ္စည်း၏ Quality ကို အပြောင်းအလဲမရှိ တစ်သမတ်တည်း စနစ်တကျထားရှိခြင်း၊ ထုတ်ပိုးဒီဇိုင်းများမှာ နိုင်ငံတကာ အဆင့်မှီထုတ်လုပ်ထားခြင်း၊ ဘေးထွက်ပစ္စည်းများအား တိရိစ္ဆာန်အစာအဖြစ် ပြန်လည်ရောင်းချခြင်း၊ စွန့်ပစ်ရေများကို စက်ရုံ၏ စိုက်ပျိုးမြေများ၌ ပြန်လည်အသုံးပြုခြင်း၊ |
| ၄။ | - ပူးတွဲတတိယဆု<br>ထန်းသားဖြင့်ပြုလုပ်သော ပရိဘောဂပစ္စည်းများ<br><br>3 Seasons<br>သစ်အချောထည်စက်ရုံ | ပရိဘောဂများ၊ လူသုံးကုန် ပစ္စည်းများ နှင့် မြန်မာမှု အနုပညာ ပစ္စည်းများ<br><br>ဦးကျော်နိုင်သန်း<br>၀၉ ၅၁၇၁၄၅၆ | သက်တမ်းကုန် ထန်းပင်များအား ခေတ်မီ စက်ကိရိယာ၊ ခေတ်မီနည်းပညာများကို အသုံးပြုပြီး မြန်မာမှုအနုလက်ရာမြောက် Value-added အိမ်သုံးပစ္စည်းများ နှင့် ပရိဘောဂများ ထုတ်လုပ်နိုင်ခြင်း၊ လုပ်သားများအား အသက်မွေးဝမ်းကျောင်းပညာဖြင့် အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်း၊ Export ဈေးကွက်အထိ မျှော်မှန်း ဆောင်ရွက်နေခြင်း၊ |

## ဧရာဝတီတိုင်းဒေသကြီး မှ ဆုရရှိသူများ

၇။ ဆုရလုပ်ငန်းများ၊ ထုတ်ကုန်များနှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| အငယ်စားစီးပွားရေးလုပ်ငန်း | | | |
|---|---|---|---|
| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
| ၁။ | ပထမဆု<br>ပြည်ပပို့ကုန်ထီးရိုးဝါး<br><br>လှော်တက် Co., Ltd. | ငါးမျှားတံ ပြုလုပ်သော ထီးရိုးဝါးများ<br><br>ဦးသန်းအောင်<br>၀၉ ၇၈၃၆၃၁၉၆၁ | ကုန်ကြမ်းအဆင့်မှ ကုန်ချောအထိ ထုတ်လုပ်မှုအဆင့်တိုင်း၌ အလေအလွင့် မရှိဘဲ ထုတ်လုပ်နိုင်ခြင်း၊ သဘာဝဝါးကုန်ကြမ်းမှ ထုတ်လုပ်သော ဝါးငါးမျှားတံကိုင်းများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်း၊ |
| ၂။ | ဒုတိယဆု<br>ပယင်းခေါင်းအုံး<br><br>ပယင်းနှင့်ဆက်စပ်ပစ္စည်း လုပ်ငန်း | ပယင်းလိမ်းဆေးဆီ၊ ရှူဆေး၊ ပယင်းခေါင်းအုံး နှင့် ပယင်းဆက်စပ် ပစ္စည်းများ<br><br>ဒေါ်ယုယုဌေး<br>၀၉ ၇၇၅၅၇၉၀၀၀ | မြန်မာနိုင်ငံ၏ သဘာဝထွက်ကုန်ဖြစ်သော သစ်စေးမှ ထွက်သည့် ပယင်းကို အရည်အသွေးမြင့် လူသုံးကုန်နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအဖြစ် Innovative ဖြစ်စွာ ထုတ်လုပ်နိုင်ခြင်း၊ စွန့်ဦးတီထွင်သော လုပ်ငန်းဖြစ်ခြင်း၊ |
| ၃။ | တတိယဆု<br>ကားတာယာဖြင့်ပြုလုပ်သောရေဇလား<br><br>ဦးကျော်ဌေး<br>တာယာပစ္စည်းဆိုင် | တာယာနှင့်ပြုလုပ်သောလူသုံးကုန်နှင့် စက်အရံ ပစ္စည်းများ<br><br>ဦးလှဌေး<br>၀၉ ၂၅၃၂၆၁၉၅၀ | မော်တော်ကားများမှ အသုံးမဝင်သည့် အလေအလွင့်များကို ပြန်လည်အသုံးပြု၍ လူသုံးကုန်ပစ္စည်းများကို Innovative ဖြစ်စွာ ထုတ်လုပ်ခြင်း၊ စွန့်ပစ်ပစ္စည်းများမှ ကျေးလက်ဒေသ၏ လိုအပ်မှုများကို တီထွင်ဖန်တီးပေးနိုင်ခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၄။ | ပူးတွဲတတိယဆု<br>နံ့သာဖြူအမွှေးတိုင်၊ နံ့သာဖယောင်းတိုင်<br><br>ဝိသာခါအမွှေးတိုင်နှင့် သာသနာအသုံးအဆောင် ပစ္စည်းများ ရောင်းဝယ်ရေး | နံ့သာဖြူအမွှေးတိုင်၊ အမွှေးခဲ၊ နံ့သာဖယောင်း တိုင်နှင့် သာသနာ အသုံး အဆောင်ပစ္စည်းများ<br><br>ဦးသိန်းမိုးအောင်<br>၀၉ ၇၈၆၃၁၇၇၆၉ | နံ့သာဖြူ ပန်းပုရုပ်ထုများ ထုလုပ်ခြင်းမှ ထွက်ရှိလာသည့် နံ့သာဖြူအမှုန့်များမှ Value-added Product များ ဖြစ်သည့် နံ့သာဖြူ အမွှေးတိုင်များ ထုတ်လုပ်ခြင်း၊ ကုန်ကြမ်းမှာ အလေအလွင့်ကိုသာ အသုံးပြု၍ ကုန်ချော ထုတ်လုပ်သည့် လုပ်ငန်းဖြစ်ရာ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် လုပ်ငန်း ဖြစ်ခြင်း၊ ထုတ်ပိုးမှုကောင်းမွန်ခြင်း၊ အမွှေး တိုင်အခြောက်ခံရာတွင် နေရောင်ခြည်ကို အသုံးပြုသဖြင့် စွမ်းအင် ခြိုးခြံချွေတာမှုကို ဖြစ်စေခြင်း၊ |
| ၅။ | -ပူးတွဲတတိယဆု<br>ဆီး၊ ဝမ်း၊ သွေး၊ လေမှန် ရှားစောင်းလက်ပတ် ဆေးဝါးများ<br><br>ပခုက္ကူဆရာအေး ရှားစောင်းလက်ပတ် ဆေးဝါးထုတ်လုပ်ရေး | ရှားစောင်းလက်ပတ်ပင် မှထုတ်လုပ်သော ဆီး၊ ဝမ်း၊ သွေး၊ လေ မှန် အော်ဂဲနစ်ဆေးဝါးများ<br><br>ဦးမောင်အေး<br>၀၉ ၃၃၀၈၂၀၃၅ | ကိုယ်တိုင်စိုက်ပျိုးသည့် အော်ဂဲနစ် ရှားစောင်း လက်ပတ်ပင်များမှ လူသားအကျိုးပြုဆေးဝါး များ ထုတ်လုပ်နိုင်ခြင်း၊ အရည်အသွေး ကောင်းမွန်၍ ယုံကြည်စိတ်ချနိုင်ခြင်း၊ ဆေးဝါး ထုတ်လုပ်မှုတွင် နေရောင်ခြည်သုံး၍ အခြောက်ခံ ခြင်းကြောင့် စွမ်းအင်ချွေတာမှု ဖြစ်စေခြင်း၊ |

## အသေးစားစီးပွားရေးလုပ်ငန်း

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၁။ | ပထမဆု<br>ပုသိမ်ထီး<br><br>ရွှေစာပုသိမ်ထီးလုပ်ငန်း | မြန်မာ့ရိုးရာပုသိမ်ထီး ဒီဇိုင်းမျိုးစုံ၊ အရွယ် မျိုးစုံ<br><br>ဦးအောင်နိုင်<br>၀၉ ၉၆၁၅၆၅၁၆၆ | ဒေသထွက်ကုန်ကြမ်း(၁၀၀%) အသုံးပြု ထားခြင်း၊ ထုတ်လုပ်မှုအဆင့်(၃၁)ဆင့်ဖြင့် အစိတ်အပိုင်းပေါင်းများစွာအား ဝန်ထမ်း များစွာ ထုတ်လုပ်ရကာ အလုပ်အကိုင်အခွင့် အလမ်းပေးနိုင်မှုဖြစ်စေခြင်း၊ ပြည်တွင်း သာမက ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ နယူး ဇီလန်၊ အင်္ဂလန်၊ ကနေဒါ၊ ထိုင်း၊ တရုတ် နှင့် ဂျပန်နိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိခြင်း၊ ဈေးကွက်မှ တောင်းဆိုသော ဆဋ္ဌဂံ၊ အဋ္ဌဂံပုံ ထီးများ ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ ကမ္ဘာအနှံ့ ကျော်ကြားသော ရိုးရာထုတ်ကုန် ဖြစ်ခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၂။ | ဒုတိယဆု<br>အော်ဂဲနစ်ခေါင်းလျှော်ရည်၊<br>ရေမလို လက်သန့်ဆီ<br><br>United Myanmar &<br>Asia Co., Ltd. | အော်ဂဲနစ်ခေါင်းလျှော်ရည်၊ ဆပ်ပြာများ၊<br>Body Lotion ၊<br>ရေမလို မျက်နှာ<br>ဖြန်းToner များ<br><br>ဒေါ်ငြိမ်းငြိမ်းအိ<br>၀၉ ၂၅၄၂၆၃၂၇၇ | ဆေးဘက်ဝင် အော်ဂဲနစ် သစ်သီးသစ်ရွက် ပန်းမန်များကို အသုံးပြုပြီး ကျောက်ချဉ်၊ ရှားစောင်း၊ နှင်းဆီ၊ သံပုရာ၊တမာ၊ ဇီးဖြူသီး၊ ပျားရည် စသည့် သဘာဝပစ္စည်းများဖြင့် သန့်ရှင်းစွာ အရည်အသွေးစံချိန်မီစွာ ထုတ်လုပ်ထားခြင်း၊ ကလေး/ လူကြီး၊ ကျား/မ မရွေး သုံးစွဲနိုင်သည့် ထုတ်ကုန် ဖြစ်ခြင်း၊ ရွှေအိပ်မက် Channel 7 ၌ သဘာဝပစ္စည်းများ၏ အကောင်းဆုံး ပေါင်းစပ်တီထွင်ဖန်တီးသူ Winner ဆု ရရှိခြင်း၊ |
| ၃။ | တတိယဆု<br>ငါးနုပ်ခြောက်<br><br>ဇော်အဏ္ဏဝါ<br>စားသောက်ကုန်လုပ်ငန်း | အသင့်စားငါးနုပ်<br>အချောင်းခြောက်၊<br>ငါးနုပ်အပြားခြောက်<br>နှင့် ငါးပိထောင်းများ<br><br>ဦးဝေလင်းကျော်<br>၀၉ ၂၆၀၀၁၈၅၈၅ | သဘာဝရေထွက်ပစ္စည်း ငါးနုပ်ကောင်များကို သန့်ရှင်း စင်ကြယ်စွာဖြင့် ဓါတုဆေးဝါးများ အသုံးမပြုဘဲ Innovative ဖြစ်စွာ အသင့်စားသုံးနိုင်ရန် ထုတ်လုပ်ထားခြင်း၊ ထုတ်ပိုးမှုစနစ်ကောင်းမွန်ခြင်း၊ စွန့်ပစ်ပစ္စည်း ငါးနုပ်အမှုန်အစများကို ငါးပိထောင်းပြန်လည်ပြုလုပ်အသုံးပြုခြင်း၊ |
| ၄။ | - ပူးတွဲတတိယဆု<br>အဆီကျဂျင်းပျား<br>သံပုရာပေါင်း<br><br><br>အောင်တော်ဝင် သဘာဝ<br>စားသောက်ကုန်လုပ်ငန်း | ရှားစောင်းလက်ပတ်ယို၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ ဓာတ်စာချက်ဆေး၊ အဆီကျဂျင်းပျားသံပုရာပေါင်း၊ ကျောက်ချဉ် ဆပ်ပြာများ<br><br>ဒေါ်အေးစုစုလှိုင်<br>၀၉ ၇၉၁၉၆၁၇၄၈ | ရှားစောင်းလက်ပတ်ကို အခြေခံ၍ ထန်းလျက်၊ မန်ကျည်း၊ ဆားမီးဖုတ်၊ စမုံမျိုးငါးပါး တို့ဖြင့် အချိုးကျရောစပ်ကာ လူမှုအကျိုးပြုဆေးဝါးထုတ်လုပ်နိုင်ခြင်း၊ ဂျင်း၊ ပျားသံပုရာတို့နှင့် ပေါင်းစပ်၍ အဆီကျဂျင်းပြား၊ တရော်ကင်ပွန်းနှင့် ပေါင်းစပ်၍ ခေါင်း လျှော်ရည်၊ ဆပ်ပြာ စသည်တို့ကို တီထွင်ဆန်းသစ်ထုတ်လုပ်ထားခြင်း၊ ဘေးထွက် ဆိုးကျိုးမရှိသောထုတ်ကုန်ဖြစ်ခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၅။ | - ပူးတွဲတတိယဆု စပါး ခြွေလှေ့စက်<br><br>ပေါ်လွင် လယ်ယာသုံး စက်မှု လက်မှုလုပ်ငန်း | စပါး ခြွေလှေ့စက် အသေး၊ အလတ်၊ အကြီး<br><br>ဦးကျော်ကိုလတ်<br>၀၉ ၇၉၆၆၂၁၂၀၈ | သွင်းကုန်အစားထိုး လယ်ယာသုံး စပါးခြွေလှေ့စက် အသေး၊ အလတ်၊ အကြီး တို့ကို တီထွင်ထုတ်လုပ်ထားခြင်း၊ စပါးသန့်စင်မှု (၉၀%)ရှိသော စက်များဖြစ်ခြင်း၊ ဝယ်ယူသူ Customer များအား စက်ကိုင်တွယ် မောင်းနှင် ထိန်သိမ်းနည်းသင်တန်းများ ပို့ချပေးခြင်း၊ |
| ၆။ | - ပူးတွဲတတိယဆု (ကြိမ်၊ ဝါး) ဦးထုပ်<br><br>Aung Family ကြိမ်ဝါး လက်မှုလုပ်ငန်း | ကြိမ်၊ ဝါး တို့ဖြင့် ပြုလုပ် သော ဦးထုပ်၊ ဖိနပ်၊ ခြင်းတောင်း၊ အိတ်များ<br><br>ဦးအောင်လွင်<br>၀၉ ၄၂၂၅၄၂၃၂၈ | ဒေသထွက် သင်ကုန်ကြမ်းနှင့် ဝါးတို့ကို အသုံးပြု၍ လက်ဆွဲအိတ်၊ ခြင်းတောင်း၊ ဦးထုပ်၊ ဖိနပ် စသည့်လူ့အသုံးအဆောင် ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဈေးကွက်ပိုမိုရရှိရေးအတွက် ပုသိမ်- မုံရွာ ကားလမ်းဘေး ခိုတောင်ကျေးရွာတွင် ပြခန်းဖွင့်လှစ်ရောင်းချခြင်း၊ ကျန်းမာရေး အထောက်အကူပြု ထုတ်ကုန်ဖြစ်ခြင်း၊ |

## အလတ်စားစီးပွားရေးလုပ်ငန်း

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၁။ | ပထမဆု စပါးခွံ လောင်စာတောင့်<br><br>မျိုးမြတ်မွန် စပါးခွံလောင် စာတောင့်လုပ်ငန်း | စပါးခွံ လောင်စာတောင့် များ၊ (စပါးခွံ + လွှစာမှုန့်) လောင်စာတောင့်များ<br><br>ဦးဇေယျာမျိုး<br>၀၉ ၅၁၀၁၅၃၃ | စပါးခွံအလေအလွင့်များကို လောင်စာတောင့်များအဖြစ် တီထွင်ဆန်းသစ်စွာ ထုတ်လုပ်နိုင်ခြင်း၊ သစ်တောပြုန်းတီးမှုကို ကာကွယ်ပေးသည့် လုပ်ငန်းဖြစ်ခြင်း၊ ရေနံချက်မီးဖိုများ၊ ဘွိုင်လာသုံးစက်ရုံများနှင့် အုတ်ဖုတ်လုပ်ငန်းများတွင် ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်ခြင်း၊ ဂျပန်သို့ တင်ပို့ရောင်းချခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၂။ | ဒုတိယဆု<br>သဘာဝဆားကြမ်း၊<br>ဆားချောများ<br><br>ဆားကြမ်းထုတ်လုပ်သည့် လုပ်ငန်း | သဘာဝဆားကြမ်းနှင့်<br>ဆားချောများ<br><br>ဦးဇော်မင်း<br>၀၉ ၇၇၈၈၅၅၉၇၅ | ပြည်တွင်းကုန်ကြမ်း (၁၀၀ %) ပါဝင်သော ထုတ်ကုန်ဖြစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပြားစွာပေးနိုင်ခြင်း၊ မြေယာကို အကျိုးရှိစွာအသုံးချနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလုပ်ငန်းတစ်ခုဖြစ်ခြင်း၊ နေလှန်းခြင်းဖြင့်ထုတ်လုပ်သောလုပ်ငန်းဖြစ်၍ စွမ်းအင်ခြိုးခြံချွေတာနိုင်ခြင်း၊ |
| ၃။ | တတိယဆု<br>သင်ဖျာ<br><br>သင်နှင့်ဖျာလုပ်ငန်း | တရားထိုင်သင်ဖျာ၊<br>ဆက်တီဖျာ၊ ကားကူရှင်၊<br>ခေါင်းအုံး၊ လက်ကိုင်အိတ်၊<br>ဖုန်းအိတ်၊ ပိုက်ဆံအိတ်<br>နှင့် ဖိနပ်များ<br><br>ဒေါ်အေးအေးစန်း<br>၀၉ ၅၁၈၁၂၄၈ | ပြည်တွင်းကုန်ကြမ်း (၁၀၀ %) ပါဝင်သော ထုတ်ကုန်ဖြစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပြားစွာပေးနိုင်ခြင်း၊ လက်မှုစစ်စစ်ဖြင့် ထုတ်လုပ်သောလုပ်ငန်းဖြစ်၍ စွမ်းအင်ခြိုးခြံချွေတာနိုင်ခြင်း၊ ကားကူရှင်၊ ခေါင်းအုံး၊ လက်ကိုင်အိတ်၊ ဖုန်းအိတ်၊ ပိုက်ဆံအိတ် နှင့် ဖိနပ်များအဖြစ် တီထွင်ဆန်းသစ်ထုတ်လုပ်ထားခြင်း၊ |
| ၄။ | - ပူးတွဲ တတိယဆု<br>စပါးခြွေလှေ့စက်<br><br>စိန်ရွှေငွေ စက်မှုလုပ်ငန်း | လယ်ယာသုံးစက်<br>ပစ္စည်းကိရိယာများ၊<br>ခြွေလှေ့စက်များ<br><br>ဦးသန်းဦး<br>၀၉ ၂၅၀၅၇၆၆၆၂ | ပြည်တွင်း သံကုန်ကြမ်းများကို အသုံးပြု၍ လယ်ယာစက်သုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ မိချောင်းကွမ်းဖတ်ချွေလှေ့စက်ကို တီထွင်ထုတ်လုပ်ခြင်း၊ သွင်းကုန်အစားထိုး လုပ်ငန်းဖြစ်ခြင်း၊ ထုတ်လုပ်မှု ပိုမိုတိုးတက်ရေး ကိုရီးယားပညာရှင်များ ဖိတ်ခေါ်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊ တောင်သူများအား စက်ကိုင်တွယ်မောင်းနှင်မှုသင်တန်းများပို့ချပေးခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၅။ | - ပူးတွဲ တတိယဆု ကွန်ပျူတာဇာပန်းထိုး ထုတ်ကုန်  Pathein Embroidery Co.,Ltd. | ကွန်ပျူတာဇာပန်းထိုး Logo ၊ Design အထည်များ  ဦးစိုးသန့် ၀၉ ၄၂၀၁၆၃၉၂၈ | ပတ်ဝန်းကျင် ဒေသခံများအား လုပ်ကိုင်ခွင့်အလမ်းပေးနိုင်ခြင်း၊ ပန်းထိုးမည့် ဒီဇိုင်းများကို ကိုယ်တိုင်တီထွင်ထားခြင်း၊ Computer စက်များဖြင့် ဒီဇိုင်းရေးဆွဲခြင်း၊ စျေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးများ ဆောင်ရွက်ပေးခြင်း၊ |

## ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် မှ ဆုရရှိသူများ

၈။ ဆုရလုပ်ငန်းများ၏ ထုတ်ကုန်များနှင့် လုပ်ငန်းဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| အငယ်စားစီးပွားရေးလုပ်ငန်း | | | |
|---|---|---|---|
| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
| ၁။ | ပထမဆု ရေချိုးခန်းသုံးပစ္စည်းများ   "Gift of Nature" သဘာဝရေချိုးခန်းသုံး ပစ္စည်းလုပ်ငန်း | သပွတ်အူသီးဖြင့်ထုတ်လုပ်သော ရေချိုးခန်း သုံးပစ္စည်းများ  ဒေါ်စန္ဒာဝင်း ၀၉ ၅၁၈၀၄၅၅ | ကုန်ကြမ်းအဆင့်မှ ကုန်ချောအထိ ထုတ်လုပ်မှုအဆင့်တိုင်း၌ အလေအလွင့်မရှိဘဲ ထုတ်လုပ်နိုင်ခြင်း၊ သဘာဝသပွတ်အူမှ ထုတ်လုပ်သော ရေချိုးခန်းသုံးပစ္စည်း (ဖိနပ်၊ ဂျီးတိုက်ဖတ်၊ အလှပန်းအိုး၊ မျက်နှာကျီးချွတ်ဖတ်) များကို အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများအဖြစ် Innovative ဖြစ်စွာ ထုတ်လုပ်နိုင်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်ခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့်<br>ဆုရလုပ်ငန်း | ထုတ်ကုန်<br>အမယ်များ | ဆုရရှိမှုဆိုင်ရာ<br>အချက်အလက်များ |
|---|---|---|---|
| ၂။ | ဒုတိယဆု<br>ရိုးရာပစ္စည်းများ<br><br>"ရွှေကျေးသာ"<br>ရှမ်းစက္ကူနှင့်မီးပုံးလုပ်ငန်း | ရှမ်းစက္ကူ၊ ထီး၊ မီးပုံး<br>နှင့် ယပ်တောင်၊<br>ရိုးရာပစ္စည်းများ<br><br>ဦးဝင်းထွဋ်<br>၀၉ ၇၉၁၉၀၈၁၂၄ | မြန်မာနိုင်ငံ၏ သဘာဝထွက်ကုန်ဖြစ်သော ဝါး၊ လျှော်ပင်၊ တရော်ပင်မှထွက်သည့် ပစ္စည်းများကို အရည်အသွေးမြင့် ရိုးရာ ထုတ်ကုန်ပစ္စည်းများ အဖြစ် Innovative ဖြစ်စွာ ထုတ်လုပ်နိုင်ခြင်း၊ စွမ်းအင်ချွေတာသောလုပ်ငန်းဖြစ်ခြင်း၊ နိုင်ငံခြား သားများ အထူးစိတ်ဝင်စားသဖြင့် နိုင်ငံခြားငွေ ရှာဖွေပေးနိုင်သောလက်မှုထည်ဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်း၊ |
| ၃။ | တတိယဆု<br>ကယားရိုးရာအထည်များ<br><br>"ဒေးဒေး"<br>ရိုးရာရက်ကန်းလုပ်ငန်း | ကယားရိုးရာ ဂျပ်ခုတ်<br>အထည်များ<br><br>ဦးဇော်မင်းမင်းဦး<br>၀၉ ၄၂၈၀၀၄၈၀၈ | ဒေသထွက်ချည်များကို အသုံးပြု၍ ရက်လုပ်ထားသော ရိုးရာအဝတ်အထည်များ ဖြစ်ခြင်း၊ နိုင်ငံခြားသားများပါ ဝတ်ဆင်နိုင်အောင် ရက်လုပ်ထား သည့်အတွက် ပြည်ပဝင်ငွေရရှိခြင်း၊ စွမ်းအင် ချွေတာသော ရိုးရာရက်ကန်းလုပ်ငန်းဖြစ်ခြင်း၊ |
| ၄။ | ပူးတွဲ တတိယဆု<br>နို့ထောပတ်ကွတ်ကီး၊<br>နို့ထွက်ပစ္စည်းများ<br><br>"ရင်ငြိမ်းအေး"<br>နို့ထွက်ပစ္စည်းအမျိုးမျိုး<br>လုပ်ငန်း | နို့ထွက်ပစ္စည်းများ<br>ဖြစ်သည့် နွားနို့၊ ဒိန်ချဉ်၊<br>ထောပတ်၊ ထောပတ်<br>ကွတ်ကီး<br><br>ဒေါ်သင်းသင်းခိုင်<br>၀၉ ၅၂၈၀၇၁၈ | မိမိကိုယ်ပိုင် နွားခြံများသာမက အခြား နွားခြံများမှနို့များဝယ်ယူ၍ ဆန်းသစ်သော တီထွင်မှုဖြင့် ဒိန်ချဉ်၊ နွားနို့၊ ထောပတ်၊ ထောပတ်ကွတ်ကီးများ ထုတ်လုပ်ကာ ရှမ်း(တောင်ပိုင်း) တွင် သာမက ကယား ပြည်နယ်အထိ ဈေးကွက် ချဲ့ထွင်နိုင်ခြင်း၊ ထုပ်ပိုးမှု စနစ်ကောင်းမွန်ခြင်း၊ သန့်ရှင်းစွာ အရည် အသွေးစံချိန်မီစွာ ထုတ်လုပ်ထား ခြင်း၊ ကလေး/လူကြီး၊ ကျား/မ မရွေး သုံးစွဲနိုင်သည့် ထုတ်ကုန်ဖြစ်ခြင်း၊ |

## အသေးစားစီးပွားရေးလုပ်ငန်း

| စဉ် | ဆုအမျိုးအစားနှင့်<br>ဆုရလုပ်ငန်း | ထုတ်ကုန်<br>အမယ်များ | ဆုရရှိမှုဆိုင်ရာ<br>အချက်အလက်များ |
|---|---|---|---|
| ၁။ | ပထမဆု<br>Green Tea<br><br>“Nara”<br>လက်ဖက်ခြောက်လုပ်ငန်း | Green Tea<br>လက်ဖက်ခြောက်<br><br>ဦးကျော်သီဟ<br>၀၉ ၂၅၄၅၂၆၈၅၃ | ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားသော စက်ဖြင့် Green Tea ထုတ်လုပ်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီး ပေးနိုင်ခြင်း၊ Export အနေဖြင့် ဂျာမနီ နိုင်ငံသို့ တင်ပို့နေခြင်း၊ Global GAP လက်မှတ်ရရှိထားခြင်း၊ |
| ၂။ | ဒုတိယဆု<br>ယိုစုံအမျိုးမျိုး<br><br>“ပင်လုံ”<br>စားသောက်ကုန်လုပ်ငန်း | ယိုစုံအမျိုးမျိုး၊<br>ဝိုင်အမျိုးမျိုး၊<br>ဟင်းခတ်မှုန့်မျိုးစုံ<br><br>ဒေါ်တင်မာကြည်<br>၀၉ ၂၅၀၂၅၆၇၃၀ | ဒေသထွက်ကုန်ကြမ်း (၁၀၀%) အသုံးပြု ထားခြင်း၊ ရာသီအလိုက် ထွက်ရှိသီးနှံ များ ကို အသုံးပြု၍ Innovative ဖြစ်စွာ တန်ဖိုး မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်း၊ ဓာတုဆေးဝါးကင်းစင်သော ထုတ်ကုန်များ ဖြစ်သည့်အတွက် ကလေး/လူကြီး မရွေး စားသောက်နိုင်သည့် ထုတ်ကုန်ဖြစ်ခြင်း၊ ထုတ်လုပ်မှုအဆင့်ဆင့်အတွက် ဆင့်ပွား သင်တန်းများ ပို့ချနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ |
| ၃။ | ပူးတွဲ ဒုတိယဆု<br>ကောက်ရိုးမှို<br><br>“ကလောမှို”<br>စိုက်ပျိုးရေးလုပ်ငန်း | ကြယ်သီးမှို၊ ငွေနှင်းမှို၊<br>ကောက်ရိုးမှို<br><br>ဦးနေဇော်လှိုင်<br>၀၉ ၇၈၁၆၄၅၅၇၆ | ဆန်းသစ်တီထွင်မှု အသစ်ဖြင့် တစ်နိုင် တစ်ပိုင်စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်း၊ ပြည်တွင်းဈေးကွက် ကောင်းမွန်ခြင်း၊ သဘာဝဓါတ်စာအဖြစ် နိုင်ငံခြားသားများပါ သုံးဆောင်နိုင်ခြင်း၊ စိုက်ပျိုးနည်းစနစ်ကောင်းများအား နိုင်ငံ တကာအဖွဲ့အစည်း အကူအညီဖြင့် ရရှိ ဆောင်ရွက်ထားခြင်း၊ ဂျာမနီအဖွဲ့အစည်း (GIZ) ၏ 2015-BIC ပြိုင်ပွဲတွင် တတိယဆု ရရှိထားခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၄။ | တတိယဆု<br>အင်းရိုးရာ ပိုးထည်<br><br><br>“ပဒုမ္မာ”<br>အင်းရိုးရာပိုးထည်<br>လုပ်ငန်း | အင်းရိုးရာ ပိုးထည် နှင့် ချည်ထည်အမျိုးမျိုး<br><br>ဒေါ်ချောအိအိခိုင်<br>၀၉ ၇၇၇၀၈၂၈၆၁ | အင်းလေးဒေသမှ ထွက်ရှိသောကြာဖြင့် ချည်မျှင် ထုတ်လုပ်၍ နိုင်ငံခြားဝင်ငွေ ရရှိအောင် ရိုးရာမပျက် ဆန်းသစ်တီထွင် ရက်လုပ်ခြင်း၊ စွမ်းအင်ချွေတာခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ |

## အလတ်စားစီးပွားရေးလုပ်ငန်း

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၁။ | ပထမဆု<br>ကော်ဖီမှုန့်အမျိုးမျိုး<br><br>“ဉာဏ်ကြီးရှင်”<br>ရှမ်းတောင်မြင့်ကော်ဖီ<br>လုပ်ငန်း | ကော်ဖီမှုန့် အမျိုးမျိုး၊<br>အသင့်သောက်<br>ကော်ဖီများ<br><br>ဒေါ်လေးလေးမြင့်<br>၀၉ ၄၂၁၀၆၈၉၃၅ | ကမ္ဘာတွင် မြန်မာ့ကော်ဖီဟူ၍ နာမည်ပေါက်အောင် ဆန်းသစ်တီထွင်စိုက်ပျိုး ထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံပေါင်း(၂၁)နိုင်ငံသို့ တင်ပို့ ရောင်းချနေသည့်အပြင် နိုင်ငံ(၂) နိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဒေသခံများအား စိုက်ပျိုး နည်းပညာနှင့် စီးပွားရေးသင်တန်းများအား အခမဲ့ ဝန်ဆောင်မှုပေးနေခြင်း၊ ထုပ်ပိုးမှုစနစ်ကောင်းမွန်ခြင်း၊ ကုန်ပစ္စည်းအသစ်များ ဆက်လက်ထုတ်လုပ်နိုင်ခြင်း၊ ရှာင်ဒေသ အပါအဝင်ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ လုပ်ကိုင်ခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၂။ | ဒုတိယဆု<br>လက်ဖက်စို၊<br>လက်ဖက်ခြောက်<br><br>"ပါဝါမောရှမ်း"<br>လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်း | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး<br><br>ဒေါ်နေခြည်မြတ်ထွန်း<br>၀၉ ၄၅၀၀၂၇၇၇၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပင်းတယ ဒေသမှထွက်ရှိ လက်ဖက်စိမ်းများကို အသုံးပြုကာထုပ်ပိုး မှုစနစ်ကောင်းများ နည်းပညာအသစ်များဖြင့် လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး ထုတ်လုပ်နိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ရိုးရာအစားအစာအား ပြည်ပအစားအစာများနှင့် ပေါင်းစပ်ကာ ဆန်းသစ်စွာဖြင့် တီထွင်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့် အလမ်းများဖန်တီးပေးနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်း၊ ပင်းတယ လက်ဖက်အစုအဖွဲ့နှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလည်း လုပ်ကိုင်ခြင်း၊ |
| ၃။ | တတိယဆု<br>လက်ဖက်ခြောက်<br><br>"Mother Love"<br>လက်ဖက်ခြောက်လုပ်ငန်း | လက်ဖက်ခြောက် အမျိုးမျိုး<br><br>ဒေါ်ရီရီမြင့်<br>၀၉ ၂၅၉၀၂၁၁၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းဒေသ၏ အမှတ်တံဆိပ်အနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြု၍ ထုတ်လုပ်နိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့် အလမ်းများ ဖန်တီးနိုင်ခြင်း၊ ထုပ်ပိုးမှုစနစ်ကောင်းမွန်ခြင်း၊ |
| ၄။ | ပူးတွဲတတိယဆု<br>စပျစ်ဝိုင်<br><br>"Red Mountain"<br>စပျစ်ဝိုင်လုပ်ငန်း | စပျစ်ဝိုင်အမျိုးမျိုး<br>(စပျစ်ဝိုင်အဖြူ၊ စပျစ်ဝိုင်အနီ)<br><br>ဦးနေဝင်းထွန်း<br>၀၉ ၂၀၃၅၆၃၂ | နိုင်ငံခြားမှ စပျစ်မျိုးများရယူ၍ ကိုယ်တိုင် စပျစ်စိုက်ပျိုးကာ နိုင်ငံခြားနည်းပညာဖြင့် စပျစ်ဝိုင်ထုတ်လုပ်ကာ နိုင်ငံခြားသို့ တင်ပို့ ရောင်းချနေခြင်း၊ အလုပ်အကိုင် အခွင့် အလမ်းများဖန်တီးပေးနိုင်ခြင်း၊ ကျန်းမာရေးအထောက်အကူပြု ထုတ်ကုန်ဖြစ်ခြင်း၊ စွမ်းအင်ချွေတာမှုရှိခြင်းနှင့် အလေအလွင့် မရှိခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိခြင်း၊ |

| စဉ် | ဆုအမျိုးအစားနှင့် ဆုရလုပ်ငန်း | ထုတ်ကုန် အမယ်များ | ဆုရရှိမှုဆိုင်ရာ အချက်အလက်များ |
|---|---|---|---|
| ၅။ | ပူးတွဲတတိယဆု<br>အိမ်သုံးပရိဘောဂများ<br><br><br>“ခနအောင်”<br>သစ်ပန်းပုပန်းချီ<br>အချောထည်လုပ်ငန်း | အိမ်သုံးပရိဘောဂ<br>အမျိုးမျိုး၊<br>(စားပွဲ၊ ကုတင်၊<br>ကျွန်းတံခါး စသည်)<br><br>ဦးစိုးထက်အောင်<br>၀၉ ၄၅၈၀၄၁၄၆၈ | နည်းပညာအသစ်များဖြင့်ထုတ်လုပ်ခြင်း၊ ဝယ်ယူသူအကြိုက် ခေတ်မီစက်များဖြင့် ထုတ်လုပ်နိုင်ခြင်း၊ အလေအလွင့်သစ်များမှ ထုတ်ကုန်မျိုးစုံ ထုတ်လုပ်နိုင်ခြင်း၊ ပစ္စည်း ပရိဘောဂ ထုတ်လုပ်မှု အလေအလွင့်များ ကိုလောင်စာအဖြစ် အသုံးပြုသည့်အတွက် စွမ်းအင်ချွေတာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့် အလမ်း ဖန်တီးပေးနိုင်ခြင်းနှင့် တီထွင် ဆန်းသစ်စွာ ထုတ်လုပ်နိုင်ခြင်း၊ |

# MSMEs Products ဒေသတွင်းပြပွဲနှင့်
# ပြိုင်ပွဲပြီးနောက် ရရှိလာသော
# အကျိုးကျေးဇူးများ

## ကချင်ပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSMEs များ၏ ပြပွဲနှင့်ပြိုင်ပွဲပြီးနောက် ရရှိလာသော အကျိုးကျေးဇူးများ

၉။ MSME များ၏ အောင်မြင်တိုးတက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကြာငါးပွင့်ကြေးသွန်းလုပ်ငန်း (အငယ်စားစီးပွားရေးလုပ်ငန်းပထမဆု)






ကြာငါးပွင့်ကြေးသွန်းလုပ်ငန်းမှ ထုတ်လုပ်သော
Fiber ရုပ်တုနှင့် ကြေးသွန်းရုပ်တုများ

ကြေးသွန်းလုပ်ငန်းသည် ဆုရရှိပြီးနောက် လုပ်ငန်းအားလူသိများလာပြီး ကြေးသွန်း ဗိုလ်ချုပ်ပုံ (အမြင့် ၁၂ ပေ) (၁) ခု ၊ ကြေးသွန်းလူပုံတူ(၅) ခု ၊ ကြေးသွန်း ဘုရားပုံ (ဉာဏ်တော်- ၃၀ လက်မ) (၄) ဆူ နှင့် (ဉာဏ်တော် - ၃ပေ) (၁) ဆူ၊ Fiber ရုပ်တု (၁) ခု စသည်ဖြင့် လုပ်ငန်းအပ်နှံမှုများ ပိုမိုရရှိလာပါသည်။

(ခ) ရွှေအုပ်ဆောင်းပယင်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်း (အငယ်စားစီးပွားရေးလုပ်ငန်း ဒုတိယဆု)




ပထမအကြိမ် ထုတ်ကုန်ပြိုင်ပွဲတွင် အငယ်စားဒုတိယဆုရရှိခြင်း (February 2018)




China Innovation Entrepreneur Competition တွင် ပူးတွဲ-ဒုတိယဆုရရှိခြင်း (April 2018)

**ဆုရရှိပြီးနောက်** မန္တလေးမြို့တွင် ထုတ်ကုန်ပစ္စည်းအား တဆင့်ဖြန့်ဖြူး ပေးမည့် **ဈေးကွက်အသစ်ရရှိခဲ့ခြင်း၊** မြစ်ကြီးနားတွင်လည်း ဈေးကွက်အသစ်အနေဖြင့် ဆေးဆိုင်များနှင့် ချိတ်ဆက်မှုရရှိခဲ့ခြင်း၊ **တရုတ်နိုင်ငံ၊ မန်စီမြို့တွင် ကျင်းပသည့်** Innovation Entrepreneur Competition သို့သွားရောက်ယှဉ်ပြိုင်ရန် ယုံကြည်မှု ရရှိခဲ့ပြီး၊ ပြိုင်ပွဲဝင်ရောက်ခဲ့ရာ **ဆန်းသစ်တီထွင်မှု ပူးတွဲဒုတိယဆုကို** ရရှိခဲ့ပါသည်။

(ဂ) Super Star **သံဆူးကြိုးလုပ်ငန်း** (အငယ်စားစီးပွားရေးလုပ်ငန်းပူးတွဲတတိယဆု)





ဈေးကွက်တိုးချဲ့ရရှိလာသော သံဆူးကြိုးထုတ်ကုန်များ

**ဆုရရှိပြီးနောက်** သံဆူးကြိုးလုပ်ငန်းအား လူပိုမိုသိရှိလာခြင်း၊ ဈေးကွက် အနေဖြင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများဖြစ်သည့် **မော်လမြိုင်၊ ပုသိမ်တို့တွင် ဈေးကွက်သစ်များ ထပ်မံရရှိခဲ့ခြင်းနှင့်** ယခင်က သွပ်ပြား၊ သံဆူးကြိုးများသာ ထုတ်လုပ်ရာမှ ယခုအခါ စတီးသံဆူး ကြိုးများ တိုးချဲ့ထုတ်လုပ်လျက်ရှိပါသည်။

(ဃ) **သားသားဆန်ပြုတ်လုပ်ငန်း** (အသေးစားစီးပွားရေးလုပ်ငန်းပထမဆု)




ပထမအကြိမ် ထုတ်ကုန်ပြိုင်ပွဲတွင် အသေးစားပထမဆုရရှိခြင်း (February 2018)



China Innovation Entrepreneur Competition တွင် ပူးတွဲ-ဒုတိယဆုရရှိခြင်း (April 2018)

**ဆုရရှိပြီးနောက်** ထုတ်ကုန်များရောင်းအားနှစ်ဆခန့်တက်လာပြီး ယုံကြည်မှု ပိုမိုရရှိလာခြင်း၊ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ **မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ကြီးမှူးကျင်းပသည့် မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ပြိုင်ပွဲတွင် ပထမဆု နှင့် တရုတ်နိုင်ငံ မန်စီမြို့တွင် ကျင်းပသည့် Innovation Entrepreneur Competition**

တွင် ဆန်းသစ်တီထွင်မှု ပူးတွဲ ဒုတိယဆုတို့ကို ရရှိခဲ့ခြင်း၊ ဈေးကွက်အနေဖြင့် ပြည်တွင်းသာမက **တရုတ်နိုင်ငံဈေးကွက်ပါရရှိခဲ့ပြီး၊** ယခုအခါ International Market အဆင့်မီထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ရန်အတွက် ခေတ်မီစက်ကိရိယာများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(င) Coffee Cherry **လုပ်ငန်း** (အသေးစားစီးပွားရေးလုပ်ငန်းဒုတိယဆု)




ပထမအကြိမ် ထုတ်ကုန်ပြိုင်ပွဲတွင် အသေးစားဒုတိယဆုရရှိခြင်း (February 2018)




တောင်ကိုရီးယားနိုင်ငံတွင် သွားရောက်ပြသခဲ့ပြီး Franchise ကမ်းလှမ်းခံရခြင်း (May 2018)

**ဆုရရှိပြီးနောက် သတင်းမီဒီယာများ ထုတ်ပြန်မှုကြောင့် ထုတ်ကုန် Brand Image တက်လာခြင်း၊ ရောင်းအားပိုင်းတွင်လည်း သိသိသာသာတက်လာခြင်း၊** Coffee Mix အစားထိုး ကျန်းမာရေးထုတ်ကုန်အဖြစ် လူသိများလာခြင်း၊ ဖြန့်ချိရောင်းချပေးလိုသူ ကိုယ်စားလှယ်များ ပိုမိုများလာခြင်း၊ နိုင်ငံခြားသားများပါ စိတ်ဝင်စားလာခြင်း၊ **တောင်ကိုရီးယားနိုင်ငံမှ Franchise လုပ်ရန် ကမ်းလှမ်းလာခဲ့ပါသည်။** ကော်ဖီစိုက်ပျိုးမှုအတွက် (၁၀.၅.၂၀၁၈)ရက်နေ့တွင် **GAP Certificate ရရှိခဲ့ပါသည်။**

**(စ) ကောင်းဆက်ဝတီ ကြယ်ပဲမိတ်ကပ်ရည်လုပ်ငန်း** (အသေးစားစီးပွားရေးလုပ်ငန်းတတိယဆု)






လူသိများလာပြီး ရောင်းအားတိုးတက်လာသော ကောင်းဆက်ဝတီ ကြယ်ပဲမိတ်ကပ်ရည်

**ဆုရရှိပြီးနောက် ထုတ်ကုန်များလူသိများလာပြီး ရောင်းအားပိုင်းတွင်လည်း သိသိသာသာတက်လာခြင်း၊** မန္တလေးမြို့တွင်သာမက **အခြားမြို့များသို့လည်း ဈေး**

**ကွက်ထိုးဖောက် တင်ပို့ရောင်းချနိုင်လာခဲ့ပြီး၊** ထုတ်ကုန်အသစ်များ ထပ်မံတိုးချဲ့ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

**(ဆ) ဦးကာက+ဒေါ်စိန် လက်ဖက်လုပ်ငန်း** (အလတ်စားစီးပွားရေးလုပ်ငန်းပထမဆု)






ရောင်းအားတိုးလာပြီး ထုတ်ပိုးမှု အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသော ဦးကာက+ဒေါ်စိန် လက်ဖက်လုပ်ငန်း

**ဆုရရှိပြီးနောက် ရောင်းအားတိုးတက်လာပြီး၊** ထုတ်လုပ်မှုပိုင်းတွင် Packaging ပိုင်းအား ထပ်မံအဆင့်မြှင့်တင်၍ ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**(ဇ) Lucky သောက်ရေသန့်လုပ်ငန်း** (အလတ်စားစီးပွားရေးလုပ်ငန်းတတိယဆု)






Brand Image ပိုမိုတိုးတက်လာပြီး၊ ရောင်းအားကောင်းလာသော Lucky သောက်ရေသန့်

**ဆုရရှိပြီးနောက်** လုပ်ငန်းအား ကြော်ငြာရာတွင် **နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့် ဆုရရှိခဲ့ကြောင်း ထည့်သွင်းကြော်ငြာရာ Brand Image မှာ ပိုမိုတိုးတက်လာခြင်း၊ ရောင်းအားပိုင်းတွင်လည်း သိသိသာသာတက်လာသည့်အတွက်** ထုတ်လုပ်မှုပိုင်းတွင် စက်ကိရိယာများ ပိုမိုတပ်ဆင်ပြီး တိုးချဲ့ထုတ်လုပ်ရန် ဆောင်ရွက်နေပါသည်။

(ဈ) မွန်မြတ်သူဖိနပ်လုပ်ငန်း








မွန်မြတ်သူ ဖိနပ်လုပ်ငန်းမှ ရောင်းအားတိုးတက်လာသော ဖိနပ်များ

ပြပွဲတွင် ဝင်ရောက်ပြသပြီးနောက် ထုတ်ကုန်အား လူသိများလာပြီး ဖိနပ်အရံ (၃၀၀) တိုးတက်ရောင်းချခဲ့ရပါသည်။

(ည) ဖိုးထောင်လက်ဖက်နှင့် ပဲကြော်လုပ်ငန်း







ဖောက်သည်တိုးတက်ရရှိလာသော ဖိုးထောင်လက်ဖက်နှင့်ပဲကြော်များ

ပြပွဲတွင် ဝင်ရောက်ပြသပြီးနောက် ထုတ်ကုန်အား လူသိများလာပြီး မိတ္ထီလာမြို့မှ ဖောက်သည်များအပြင် မန္တလေးမြို့မှ ဖောက်သည်များပါ ရရှိလာပါသည်။

## ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ MSMEs များ၏ ပြပွဲနှင့် ပြိုင်ပွဲပြီးနောက် ရရှိလာသော အကျိုးကျေးဇူးများ

၁၀။ MSME များ၏ အောင်မြင်တိုးတက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဝင်းစန္ဒာမြေဖယောင်းမှုန့်လုပ်ငန်း**(အငယ်စားစီးပွားရေးလုပ်ငန်းပထမဆု)





ပြိုင်ပွဲမှတဆင့် ဈေးကွက်ဝင်ကာ လူသိများလာသော မြေဖယောင်းမှုန့်ထုတ်ကုန်

**ဆုရရှိပြီးနောက်** ပြည်သူအများ သိရှိမှုနည်းပါးသော ဒေသထွက်ကုန်တစ်ရပ်ကို ဈေးကွက်မှ သိရှိခွင့်ရသည့်အပြင် **ဈေးကွက်သစ်များ ချိတ်ဆက်နိုင်**ခဲ့ပါသည်။

(ခ) **ဂဠုန်မင်းညီနောင် ချည်ထည်ထုတ်လုပ်ရေးလုပ်ငန်း** (အငယ်စားစီးပွားရေးလုပ်ငန်း တတိယဆု)





Trade Fair များမှတဆင့် ဈေးကွက်အမြောက်အမြား တိုးချဲ့ချိတ်ဆက်နိုင်ခဲ့သော ချည်ထည်ထုတ်ကုန်များ

**ဆုရရှိပြီးနောက်** ဈေးကွက်ချိတ်ဆက်မှုအနေဖြင့် မကွေးမြို့မှ မကွေးဟိုတယ်၊ ဖန်ခါးမြေဟိုတယ်၊ ထိန်ထိန်သာ ဟိုတယ်၊ ဇင်ယော်တည်းခိုခန်း၊ City Mart တို့နှင့်လည်းကောင်း၊ ငွေဆောင်ကမ်းခြေရှိ @The Sea Hotel၊K-Resort၊ ရွှေဟင်္သာဟိုတယ်၊ Ocean Supermarket နှင့် Gandamar Whole Sale တို့နှင့်လည်းကောင်း ဈေးကွက်ချိတ်ဆက်နိုင်ခဲ့ပြီး အမှာစာအမြောက်အများ ရရှိခဲ့ပါသည်။

(ဂ) **JUMJEL သဘာဝဇီး၊ မန်ကျည်းဖျော်ရည်** (အလတ်စား ဒုတိယဆု) **နှင့် စလေရွှေဆောင် သဘာဝဇီး၊ မန်ကျည်းဖျော်ရည်** (အသေးစား တတိယဆု)






Trade Fair များမှတဆင့် ရောင်းအားတိုးတက်လာသော
သဘာဝဇီး၊ မန်ကျည်းဖျော်ရည်များ

**ဆုရရှိပြီးနောက်** ပြပွဲလာပရိသတ်များ လွန်စွာကြိုက်နှစ်သက်ပြီး ဝယ်ယူအားပေးသူများသဖြင့် **ပွဲတော်ပြီးသည့်အချိန်မတိုင်မီ ပစ္စည်းပြတ်သွားသည်အထိ ရောင်းချ**ခဲ့ရပါသည်။

(ဃ) **3 Season Furniture လုပ်ငန်း** (အလတ်စားလုပ်ငန်း တတိယဆု)





အညာဒေသ၏သင်္ကေတထန်းပင်မှ ထန်းသားများဖြင့် ထုတ်လုပ်ထားသည့်
တန်ဖိုးမြှင့်Furniture များ

**ဆုရရှိပြီးနောက်** အညာဒေသ၏ သင်္ကေတထန်းပင်မှ ထန်းသားများဖြင့် ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များသည် အမျိုးအမယ်စုံပြီး လက်ရာမြောက်လှပ၍ **လူအများကြိုက်နှစ်သက်ပြီး စိတ်ဝင်စားလာခြင်း၊** ထန်းရည်မထွက်တော့သော သက်တမ်းလွန် ထန်းပင်များမှ ထုတ်လုပ်ထားသည့် အတွက် ထန်းပင် ပြုန်းတီးမှုအတွက် စိုးရိမ်စရာ မလိုဘဲ Value Added Products **များအဖြစ် ပရိဘောဂများ၊ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချသည့်အတွက် ဂုဏ်ယူ ဖွယ်ရာထုတ်ကုန်ဖြစ်**ပါသည်။

(င) လကမ္ဘာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း





ပြပွဲအပြီး ရောင်းအားတက်လာ၍ ထုတ်ကုန်များပိုမိုထုတ်လုပ်လာရသော
လကမ္ဘာတိုင်းရင်းဆေးဝါးများ

ပြပွဲအပြီး၌ ထုတ်ကုန်အား လူသိများလာကာ ယခင်ကထက် ၅၀ % ပိုမို ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါသည်။

(စ) မကွေးတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးသူများအစုအဖွဲ့









လက်ရှိဈေးကွက်တွင် (၁) ပိဿာလျှင် ကျပ် (၁) သိန်းကျော်မျှ ရရှိရာမှ
ပြပွဲတွင် ဝယ်လက်ကို ဖိတ်ခေါ်နိုင်ပြီး (၁) ပိဿာလျှင် ကျပ် (၄)သိန်းခန့်
ဈေးဖြင့် ပြည်ပဈေးကွက်သို့ ရောင်းချနိုင်ခဲ့သော သဘာဝလျှော်ဖြူထုတ်ကုန်

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ MSMEs များ၏ ပြပွဲနှင့် ပြိုင်ပွဲပြီးနောက် ရရှိလာသော အကျိုးကျေးဇူးများ

၁၁။ MSME များ၏ အောင်မြင်တိုးတက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **မျိုးမြတ်မွန်စပါးခွံလောင်စာတောင့်စက်ရုံ**(အလတ်စားစီးပွားရေးလုပ်ငန်း ပထမဆု)




မျိုးမြတ်မွန် Co., Ltd. ၏ စပါးခွံလောင်စာတောင့်ထုတ်စက်နှင့် လွန်သွားများ

**ဆုရရှိပြီးနောက် စွန့်ပစ်ပစ္စည်းဖြစ်သည့် စပါးခွံများမှ လောင်စာတောင့် ထုတ်လုပ်သည့် စက်ပစ္စည်းများအား ဒေသခံပြည်သူများသို့ ရောင်းချခြင်း** ပြုလုပ်ပေးခဲ့သဖြင့် **ဈေးကွက်ချိတ်ဆက်နိုင်ခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ချနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေခြင်း** စသည့် အကျိုးကျေးဇူးရရှိစေခဲ့ပါသည်။

(ခ) **ဆားကြမ်းထုတ်လုပ်မှုလုပ်ငန်းအစုအဖွဲ့** (အလတ်စားစီးပွားရေးလုပ်ငန်း ဒုတိယဆု)




တရုတ်နှင့်ဂျပန်နိုင်ငံ ဈေးကွက်သို့ ရောင်းချနိုင်ရန် ဈေးကွက်သတင်း
အချက်အလက်ရရှိခဲ့သည့် သဘာဝဆားကြမ်းနှင့် ဆားထုတ်ကွင်း

**ဆုရရှိပြီးနောက်** Export တင်ပို့ရန် နည်းပညာလိုအပ်နေမှုနှင့်ပတ်သက်၍ UMFCCI နှင့်ချိတ်ဆက်၍ **တရုတ်နိုင်ငံတွင် နည်းပညာလေ့လာရန် အချိတ်အဆက် ရရှိခြင်း၊ ဆားကြမ်းများအား အထုတ်ငယ်များထုတ်၍ ရောင်းချနိုင်သည့်** Market **သည် တရုတ်နှင့်ဂျပန်နိုင်ငံတို့တွင်ရှိကြောင်း ဈေးကွက်ထိုးဖောက်ရန် အခွင့်အလမ်းရရှိခဲ့ခြင်း**စသည့် အကျိုးကျေးဇူးရရှိစေခဲ့ပါသည်။

**(ဂ) ရွှေစာပုသိမ်ထီး** (အငယ်စားစီးပွားရေးလုပ်ငန်း ပထမဆု)





မိရိုးဖလာအခြေခံ၍ ဆန်းသစ်တီထွင်ထားသော
အနောက်နိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိသည့် ရွှေစာပုသိမ်ထီး

**ဆုရရှိပြီးနောက်** ရွှေစာပုသိမ်ထီးလုပ်ငန်းသည် မိရိုးဖလာ **စီးပွားရေးလုပ်ငန်းကို ပိုမိုဆန်းသစ် တီထွင်ထုတ်လုပ်ပြီး အနောက်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချ၍ ဈေးကွက်ထိုးဖောက် ရောင်းချနိုင်ခဲ့ခြင်းအပေါ် အခြားသော MSMEs လုပ်ငန်းရှင်များအနေဖြင့် လေ့လာအတုယူအားကျစေခဲ့ပါသည်။**

**(ဃ) စိန်ရွှေငွေစက်မှုလက်မှုလုပ်ငန်း** (အလတ်စားစီးပွားရေးလုပ်ငန်း တတိယဆု)





မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ရောင်းချမည့်
လယ်ယာသုံးစက်ကိရိယာများ

**ဆုရရှိပြီးနောက်** ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်စသည့် လယ်ယာသုံး စက်ကိရိယာများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်၍ တောင်သူများအား **အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရန်** အချိတ်အဆက် ရရှိခဲ့ပါသည်။

(င) **"သင်းပျံ့စိုပြေ" ကိတ်မုန့်နှင့်ပေါင်မုန့်အမျိုးမျိုးလုပ်ငန်း**







ရောင်းအားတိုးတက်လာသော "သင်းပျံ့စိုပြေ" ကိတ်မုန့်နှင့်ပေါင်မုန့်များ

ပြပွဲပြီးနောက် လုပ်ငန်းအား လူသိများလာပြီး တီထွင်ဆန်းသစ်ထားသော Mousse ကိတ်မုန့်ထုတ်ကုန်များကို ဝယ်ယူမှုများပြားလာပြီး **ယခင်က ထက် ၅ % ပိုမိုရောင်းချလာခဲ့ရပါသည်။**

(စ) **"ပြည့်စုံ" စပါးချွေလှေ့စက်လုပ်ငန်း**





ရောင်းအားတိုးတက်လာသော "ပြည့်စုံ" လယ်ယာသုံးစက်ကိရိယာများ

ပြပွဲပြီးနောက် လုပ်ငန်းအား လူသိများလာပြီး **သမန်းနှီးစက်(၁)လုံးနှင့် မျိုးစေ့ချကိရိယာ (၁)လုံးရောင်းချခဲ့ရပါသည်။**

## ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်အတွင်းရှိ MSMEs များ၏ ပြပွဲနှင့် ပြိုင်ပွဲပြီးနောက် ရရှိလာသော အကျိုးကျေးဇူးများ

၁၂။ စတုတ္ထအကြိမ်မြောက် MSME Product ဒေသတွင်း ပြပွဲနှင့်ပြိုင်ပွဲမှ အောက်ပါအကျိုးရလဒ်များကို MSME များ ရရှိခဲ့ပါသည်-

(က) **"ပင်လုံ"**စားသောက်ကုန် လုပ်ငန်းရှင် ဒေါက်တာတင်မာကြည် (Ph.D Chemical Engineering, University of Kebeangsaan, Malaysia)၊ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)သည် စိုက်ပျိုးရေးသီးနှံ (မြင်းခွာရွက်၊ ချဉ်စော်ကားသီး၊ သရက်သီး စသည်)များမှ တန်ဖိုးမြှင့်ထုတ်ကုန် (မြင်းခွာရွက်ခြောက်၊ ချဉ်စော်ကားသီးယို၊ သရက်ဝိုင် စသည်)များကို ကိုယ်တိုင်ထုတ်လုပ်သည့် အပြင် အခြားလုပ်ငန်းရှင်များအားလည်း နည်းပညာဖြန့်ဝေ ပေးနေသူ ဖြစ်ပါသည်။ ပြိုင်ပွဲတွင် အသေးစားစီးပွားရေးလုပ်ငန်း ဒုတိယဆု ရရှိခဲ့ပြီး လူသုံးကုန်နှင့် စားသောက်ကုန် MSME များအနေဖြင့် City Mart, Ocean စသော လက်လီရောင်းချသူများအသင်းသို့ တင်သွင်းရောင်းချနိုင်ရေး FDA လက်မှတ်ရရှိရန် လိုအပ်နေကြောင်းနှင့် လက်မှတ်ရရှိရန် အချိန်(၆)လမှ (၁)နှစ်ခန့်အထိ ရှိကြောင်း ဆွေးနွေးတင်ပြခဲ့ရာ လူသုံးကုန်နှင့်စားသောက်ကုန် MSME များအတွက် FDA လက်မှတ်များ လျင်မြန်လွယ်ကူစွာရရှိရန် လိုအပ်သည့်အချက်များ၊ စားသောက်ရေးဆိုင်ရာ Safety များ၊ နည်းပညာများအား အချင်းချင်းဖြန့်ဝေခဲ့မှုများကို FDA တာဝန်ရှိသူမှလည်း ရှင်းလင်းအသိပညာပေးခဲ့ပါသည်။

(ခ) **အသီးအနှံအခြောက်ခံစက်နှင့် လယ်ယာသုံးစက်ကိရိယာလုပ်ငန်းများ**







Good Brothers Co.,Ltd ၏ လယ်ယာသုံး စက်ကိရိယာများ



ကိုရီးယားနိုင်ငံထုတ်
အခြောက်ခံစက်




"ရွှေသူရိန်လင်း"ကုမ္ပဏီ၏
အခြောက်ခံစက်

**"JROOT"** ပညာရှင်မှ ကိုရီးယားနိုင်ငံထုတ် အခြောက်ခံစက်များ အကြောင်းနှင့် **"Good Brothers Co., Ltd"** မှ **လယ်ယာသုံးစက်ကိရိယာများ အကြောင်းပြခန်းပြသခြင်းနှင့် ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာ တောင်သူများအနေဖြင့် စက်ပစ္စည်းမှာယူရန် ပြင်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်လာမည်** ဖြစ်ပါသည်။

(ဂ) **"ရွှေသူရိန်လင်း"**ကုမ္ပဏီသည် ဧရာဝတီပြပွဲမတိုင်မီ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့တွင် အခွံမာသီးနှံအခြောက်ခံစက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ကောက်စိုက်စက်များအားပြသခဲ့ပြီး ယခုရှမ်းပြပွဲတွင် လယ်ယာထွက်သီးနှံအခြောက်ခံခြင်းဆိုင်ရာ နည်းပညာများအကြောင်းကို ဆွေးနွေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ရာ **ဒေသတွင်း တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာဗဟုသုတနှင့် အခြောက်ခံ စက်များကို အသုံးပြု၍ သီးနှံထွက်ကုန်များအား ရေရှည်သိုလှောင်ခြင်းဆိုင်ရာ နည်းပညာများရရှိလာပါသည်။** ထို့ပြင် **ကယားပြည်နယ်ထွက် Marble ကျောက်များ ထုတ်လုပ်နိုင်ရန် တရုတ်ကုန်သည်များနှင့် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ခဲ့**ပါသည်။

(ဃ) **ကလောမှိုစိုက်ပျိုးရေးလုပ်ငန်း**( အသေးစားစီးပွားရေးလုပ်ငန်း ပူးတွဲဒုတိယဆု)





ကလောမှိုစိုက်ပျိုးရေးလုပ်ငန်းမှ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများ
City Mart Holding Co.,Ltd သို့တိုက်ရိုက် ရောင်းချခွင့်ရရှိ

**ကလောမှိုစိုက်ပျိုးရေးလုပ်ငန်းရှင်သည်** စိုက်ပျိုးရေးဘွဲ့ရတစ်ဦးဖြစ်ပြီး တရုတ်နိုင်ငံမှ မှိုမျိုးစေ့အားဝယ်ယူ၍ ကလောမြို့တွင် ကိုယ်တိုင် Research & Development ပြုလုပ်ကာ စိုက်ပျိုးရောင်းချနေသူတစ်ဦးဖြစ်ပါသည်။ ယခင်က ၎င်း၏ မှိုများအား ရန်ကုန်နှင့်မန္တလေးမြို့များသို့ တဆင့်ခံရောင်းချသူများဖြင့်သာ ဖြန့်ဖြူးရောင်းချလျက်ရှိရာမှ ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ **အသေးစား စီးပွားရေးလုပ်ငန်း ပူးတွဲဒုတိယဆုရရှိခဲ့ပြီး "City Mart Holding Co.,Ltd"သို့ မှိုထုတ်ကုန်အား တိုက်ရိုက်ရောင်းချခွင့်ရရှိခဲ့ပါသည်။**

(ငု) **"Nara" လက်ဖက်ခြောက်လုပ်ငန်း** (အသေးစားစီးပွားရေးလုပ်ငန်း ပထမဆု)

"Nara" လုပ်ငန်းရှင်မှ ဒီဇိုင်းရေးဆွဲခဲ့သည့် လက်ဖက်ခြောက် ထုတ်လုပ်သည့်စက်များ



လက်ဖက်လှော်စက်



လက်ဖက်အခြောက်ခံစက်



လက်ဖက်နယ်စက်

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ တာငိုရွာမှ "Nara" လက်ဖက်ခြောက် လုပ်ငန်း သည် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ **အသေးစားစီးပွားရေးလုပ်ငန်း ပထမဆု** ရရှိခဲ့ ပါသည်။ ၎င်းလုပ်ငန်းရှင်သည် **လက်ဖက်ခြောက်ထုတ်လုပ်ရာတွင် အသုံးပြုသည့် လက်ဖက်လှော်စက်၊ လက်ဖက်အခြောက်ခံစက်နှင့် လက်ဖက်နယ် စက်တို့အား ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ၍ ထုတ်လုပ်ခဲ့ပြီး ချင်းပြည်နယ်၊ တီးတိန် မြို့နယ်နှင့် ကချင်ပြည်နယ်၊ ကန်ပိုက်တီးဒေသတို့မှ လုပ်ငန်းတူ လုပ်ငန်းရှင်များသို့ ထုတ်လုပ်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။** ဤ ပြပွဲ၊ ပြိုင်ပွဲမှတဆင့် **ကယားပြည်နယ် နှင့်ရှမ်းပြည်နယ်မှ လုပ်ငန်းရှင်များသို့ ၎င်း၏ နည်းပညာနှင့် စက်ကိရိယာများကို ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။**

**(စ) အီစယ့်ကီ”**လယ်ယာသုံးစက်ကိရိယာကုမ္ပဏီ







“အီစယ့်ကီ”ကုမ္ပဏီမှ ထုတ်လုပ်သော
လယ်ယာသုံးစက်ကိရိယာများ

**“အီစယ့်ကီ”**လယ်ယာသုံးစက်ကိရိယာကုမ္ပဏီအနေဖြင့် ပုသိမ်မြို့တွင်ကျင်းပခဲ့သောပြပွဲတွင် မြောင်းမြမြို့နှင့်ကန်ကြီးထောင့်မြို့တို့သို့ လယ်ထွန်စက်များ ရောင်းချခဲ့ရပြီး ယခု တောင်ကြီးပွဲတွင် **လယ်ယာသုံးစက်ကိရိယာများအား ရှမ်းပြည်နယ်မှ တောင်သူ များထံသို့ ပထမဆုံးအကြိမ် ပြသခဲ့ခြင်းဖြစ်ကာ တောင်သူဦးရေ (၅၀) ကျော်မှ စိတ်ဝင်တစားဖြင့် စုံစမ်းမေးမြန်းခဲ့ပြီးဝယ်ယူရန် ပြင်ဆင်လျက်ရှိပါသည်။**

**(ဆ) ခရီးသွားဝန်ဆောင်မှုနှင့်** Motel Service **များ**





ပဒေါင်လူမျိုးများ၏ ထူးခြားသော ရိုးရာယဉ်ကျေးမှုများ ၊ ဂျပ်ခုတ်လုပ်ငန်း၊ လက်မှု အနုပညာပစ္စည်းများနှင့် သဘာဝရှုခင်းအလှအပများကြောင့် ခရီးသွားများကို ပိုမို ဆွဲဆောင်နိုင်ကာ ကယားပြည်နယ်၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

ပြပွဲ၊ ပြိုင်ပွဲတွင် ကယားပြည်နယ် သတ္တပလူကျေးရွာ၊ ကယားရိုးရာဂျပ်ခုပ်လုပ်ငန်းအား လက်တွေ့ရက်လုပ်ပြသခြင်း၊ ကယားရိုးရာအဝတ်အထည်နှင့် အစားအသောက်များ ပါဝင်ခင်းကျင်းပြသခဲ့သည့်အပြင် Loikaw Princess Motel မှ ခရီးသွားဝန်ဆောင်မှုနှင့် Motel Service များအား ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ထိုကဲ့သို့ ဝင်ရောက်ပြသယှဉ်ပြိုင်ခဲ့ခြင်းများကြောင့် **ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ ပန်ပက်ကျေးရွာရှိ ကယန်း (ခေါ်) ပဒေါင်လူမျိုးများ၏ ထူးခြားသော ရိုးရာယဉ်ကျေးမှုများ၊ အဝတ်အထည်နှင့်အစားအစာများ၊ သဘာဝရှုခင်းအလှ**

**အပများကို အများပြည်သူမှ ပိုမိုသိရှိလာကာ** ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာပြီး **ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ပါသည်။

**(ဧ) “ဂဠုန်မင်းညီနောင်” ချည်ထည်ထုတ်လုပ်ရေးလုပ်ငန်း**






“ဂဠုန်မင်းညီနောင်”၏ ချည်ထည်များကို ဂျပန်ပြည်သူများ ကြိုက်နှစ်သက်ခဲ့ပြီး ဂျပန်ဈေးကွက်သို့ တင်ပို့ရန် ကမ်းလှမ်းခံခဲ့ရ

**“ဂဠုန်မင်းညီနောင်”** ချည်ထည်ထုတ်လုပ်ရေးလုပ်ငန်းသည် **ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ (၃၀.၆.၂၀၁၈) ရက်နေ့မှ(၁.၇.၂၀၁၈) ရက်နေ့ထိ ကျင်းပပြုလုပ်သော မြန်မာပွဲတော်တွင်** မြန်မာ့ရိုးရာဒီဇိုင်းများဖြင့် တီထွင်ဖန်တီးရက်လုပ်ထားသော လုံချည်၊ ခြုံထည်၊ လက်ကိုင်အိတ်၊ ဟိုတယ် မိုတယ်သုံး အိပ်ယာခင်းများနှင့် Bed Runner များအား ပါဝင်ပြသခဲ့ရာ **ဂျပန်ဝန်ကြီးချုပ်၏ ဇနီး မဒမ်အာခီဘယ်အာဘေးနှင့် ဂျပန်ပြည်သူများ အထူးအားပေးကြိုက်နှစ်သက်ခဲ့ပြီး ဂျပန်ဈေးကွက်သို့ ထိုးဖောက်နိုင်ခဲ့**ပါသည်။

**(ဈ) မကွေးတိုင်းဒေသကြီး၊ လျှော်ဖြူစိုက်ပျိုးသူများအစုအဖွဲ့**





လျှော်ဖြူများအား ဂျပန်ပြည်သူများ ကြိုက်နှစ်သက်ခဲ့ပြီး ဂျပန်ဈေးကွက်မှ အထူးစိတ်ဝင်စားခြင်းခံခဲ့ရ

**တိုကျိုမြို့၌ (၃၀.၆.၂၀၁၈) ရက်နေ့မှ(၁.၇.၂၀၁၈) ရက်နေ့ထိ ကျင်းပပြုလုပ်သော မြန်မာပွဲတော်တွင်** တက်ရောက်ပြသခဲ့ပါသည်။ လျှော်ဖြူစိုက်နိုင်ငံအများစုမှ ထွက်ရှိသော လျှော်ဖြူသည် စက်မှုကုန်ကြမ်းအတွက်သာ အသုံးပြုနိုင်ပြီး၊ စားသုံးရသည့်လျှော်ဖြူမှာ မြန်မာတစ်နိုင်ငံတည်းမှသာထွက်ရှိသည့်အတွက် **ဂျပန်ဈေးကွက်မှ အထူးစိတ်ဝင်စားခြင်းကို ခံခဲ့ရပါသည်။**

## (ည) “ဉာဏ်ကြီးရှင်” (Genius) ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်း

(အလတ်စားစီးပွားရေးလုပ်ငန်း ပထမဆု)







“ဉာဏ်ကြီးရှင်” (Genius) ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်းမှ
ကယားပြည်နယ်အတွင်း ကော်ဖီဧက (၅၀,၀၀၀) စိုက်ပျိုးသွားမည်ဖြစ်

ပြိုင်ပွဲပြီးနောက် အလတ်စားစီးပွားရေးလုပ်ငန်း **ပထမဆုရရှိသော “ဉာဏ်ကြီးရှင်”** (Genius)ရှမ်းတောင်မြင့်ကော်ဖီလုပ်ငန်းသည် ၎င်း၏ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် **ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်နှင့် ဒီမောဆိုမြို့နယ် များတွင် ကော်ဖီဧက ငါးသောင်း(၅၀,၀၀၀ ဧက)အား နည်းပညာနှင့်မျိုးစေ့များ ပံ့ပိုး၍ စိုက်ပျိုးသွားရန် ချိတ်ဆက်နိုင်ခဲ့**ပါသည်။

## (ဋ) “မျိုးမြန်မာ” လယ်ယာသုံးစက်မှုလုပ်ငန်း





“မျိုးမြန်မာ”လုပ်ငန်းမှ တန် (၃၀) ကျ Dryer နှင့်
စပါးခွဲလောင်စာသုံးမီးဖို (၇)စုံ ရောင်းချခဲ့ရ

ပြပွဲတွင် ပါဝင်ပြသရောင်းချသော လှိုင်ကော်မြို့ စက်မှုဇုန်မှ ဦးခင်မောင်မြင့်၏ **“မျိုးမြန်မာ”** စပါးခွံလောင်စာသုံး ပြည်တွင်းထုတ် **တန်(၃၀)ကျပြောင်းနှင့် အခြားသီးနှံ အခြောက်ခံစက်သည်** ယခင်က ပအိုဝ်(ဝ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ **ဆီဆိုင်နှင့် ဖယ်ခုံမြို့များသို့ (၅)လုံး ရောင်းချခဲ့ရရာမှ ပြပွဲအပြီး အဆိုပါမြို့များသို့ အခြောက်ခံစက် (၂) လုံး ထပ်မံ၍ ရောင်းချခဲ့**ရပါသည်။

(၂) **ဆရာဘိုင်အို (ကြံခင်း)သဘာဝအော်ဂဲနစ် ပစ္စည်းထုတ်လုပ်ငန်း**
(အငယ်စားစီးပွားရေးလုပ်ငန်း ဒုတိယဆု)





ဆရာဘိုင်အို (ကြံခင်း)သဘာဝအော်ဂဲနစ် ပစ္စည်းထုတ်ကုန်များ

**ဆရာဘိုင်အို (ကြံခင်း)သဘာဝအော်ဂဲနစ် ပစ္စည်းထုတ်ကုန်လုပ်ငန်းသည်** ဒုတိယအကြိမ်(မကွေးတိုင်းဒေသကြီး)ပြပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် **အငယ်စား စီးပွားရေးလုပ်ငန်းဖြင့် ဒုတိယဆုကို ရရှိခဲ့**ပါသည်။ ဆုရရှိပြီးနောက် CB Bank မှ ချေးငွေ ကျပ်သိန်း (၃၀၀)ထုတ်ချေးပေးခဲ့သည့်အတွက် ထုတ်ကုန်များ၏ ထုပ်ပိုးမှုကို အဆင့်မြှင့်တင်လာနိုင်ကာ City Mart နှင့် Ocean Centre တို့တွင် တင်ပို့ရောင်းချလာရခြင်း၊ Bar Code စနစ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် စင်္ကာပူနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ခဲ့ခြင်း၊ ကိုယ်စားလှယ်မှတဆင့် အင်္ဂလန်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် **ပြပွဲပြိုင်ပွဲများတွင် စဉ်ဆက်မပြတ် ဝင်ရောက်ပြသခဲ့သောကြောင့်** ဈေးကွက်ချိတ်ဆက်မှုများ ပိုမိုရရှိခဲ့ခြင်း၊ သုံးစွဲသူများ၏ အကြံပြုချက်များရရှိပြီး ထုတ်ကုန်ပစ္စည်းကို လိုအပ်ချက်နှင့်အညီ ပြုပြင်ထုတ်လုပ်နိုင်ခြင်း အကျိုးကျေးဇူးများရရှိခဲ့ပါသည်။

(၃) **United Myanmar & Asia D'nae အလှကုန်ပစ္စည်းလုပ်ငန်း**
(အသေးစားစီးပွားရေးလုပ်ငန်း ဒုတိယဆု)








United Myanmar & Asia D'nae အလှကုန်ပစ္စည်းများ

United Myanmar & Asia D'nae အလှကုန်ပစ္စည်းလုပ်ငန်းသည် တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်သည့် MSMEs

Product Show ပြပွဲ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ **အသေးစားစီးပွားရေးလုပ်ငန်းဖြင့် ဒုတိယဆုကို ရရှိခဲ့ပါသည်။ Online တွင် ကုန်ပစ္စည်းများအား Page တင်ထားသော်လည်း ထိရောက်မှုနဲပြီး ယခုလို ပြပွဲပြိုင်ပွဲတွင် ပါဝင်ပြသရသည့်အတွက် မိမိပစ္စည်းအား လူသိများပြီး ဝယ်ယူသူများနှင့် တိုက်ရိုက်ထိတွေ့ရသည့် အကျိုးကျေးဇူးများရရှိခြင်း၊** ဆုရရှိသည့်အတွက် မိမိတို့ထုတ်ကုန်အပေါ် ယုံကြည်စိတ်ချပြီး ပြည်တွင်းဝယ်လိုအား ပိုမိုကောင်းမွန်လာခြင်း၊ ဈေးကွက်ဝင်လာခြင်း စသည့်အကျိုးကျေးဇူးများရရှိပြီး ပြပွဲပြိုင်ပွဲများတွင် ဆက်လက်၍ ပါဝင်ပြသသွားမည်ဖြစ်ပါသည်။

Business Matching ကျင်းပပြုလုပ်ခြင်း

၁၃။ စတုတ္ထအကြိမ်မြောက် MSMEs Products ဒေသတွင်းပြပွဲနှင့်ပြိုင်ပွဲကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ပြုလုပ်ကျင်းပခဲ့ရာ အဆိုပါပြပွဲ၊ ပြိုင်ပွဲနှင့် ဆက်စပ်အခမ်းအနားအဖြစ် Business Matching အခမ်းအနားကို ထည့်သွင်းပြုလုပ်ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်း(၂၅)ခုမှ လုပ်ငန်းရှင်များအနေဖြင့် ABC Convenience Store နှင့် City Mart Holding Co.,Ltd (CMHL)မှ တာဝန်ရှိသူများနှင့် လုပ်ငန်းချိတ်ဆက်နိုင်ရေးဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

၁၄။ ထိုသို့ချိတ်ဆက်ဆွေးနွေးခဲ့မှုများအရ **ရှမ်း(တောင်)"MFVP" အသင်းလက်အောက်ရှိ သရက်အစုအဖွဲ့မှ လုပ်ငန်းရှင် ဦးစိုးညွန့်၏ စိန်တစ်လုံးသရက်သီးများကို City Mart Holding Co.,Ltd မှ Ocean ဆိုင်ခွဲ(တောင်ကြီး)သို့ တိုက်ရိုက်တင်သွင်းရောင်းချခွင့် ရရှိ ခဲ့ပါသည်။** ထို့အပြင် City Mart နှင့် ABC တို့၏ကုန်ပစ္စည်းတင်သွင်းရောင်းချခြင်းဆိုင်ရာ **စံချိန်စံညွှန်းများနှင့် ကိုက်ညီသောလုပ်ငန်း(၄)ခုအား မကြာမီကာလအတွင်း ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေး ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်** ဖြစ်ပါသည်။

၁၅။ ထိုကဲ့သို့ Business Matching အခမ်းအနားပြုလုပ်ကျင်းပခဲ့မှုကြောင့် **ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်အတွင်းရှိ MSME များအနေဖြင့် ABC Convenience Store နှင့် City Mart Holding Co.,Ltd တို့ရှိ စူပါမားကတ်များတွင် SME ထုတ်ကုန်ပစ္စည်းများ တင်သွင်းရောင်းချနိုင်ရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ထုတ်ပိုးမှုတွင် ဆောင်ရွက်ရမည့် အချက်များနှင့် လုပ်ငန်းစဉ်များအားသိရှိလာပြီး ထုတ်ကုန်ပစ္စည်းများကို ယခင်ကထက် ပိုမိုတင်ပို့ရောင်းချလာနိုင်မည်ဖြစ်ပါသည်။**












Business Matching များမှတဆင့် MSME များ၏ ထုတ်ကုန်ပစ္စည်းများ
ဈေးကွက်ပိုမိုရရှိလာမည်ဖြစ်

Business Matching ကျင်းပပြုလုပ်ခဲ့မှုကြောင့် ရရှိသည့်အကျိုးရလဒ်များ

- ရှမ်း(တောင်) သရက်အစုအဖွဲ့၏ စိန်တစ်လုံးသရက်သီးများကို City Mart Holding Co.,Ltd ၊ Ocean ဆိုင်ခွဲ(တောင်ကြီး) သို့တိုက်ရိုက်တင်သွင်း ရောင်းချ ခွင့် ရရှိခြင်း၊
- MSME လုပ်ငန်း(၂၅)ခု အနေဖြင့် ABC Convenience Store နှင့် City Mart Holding Co.,Ltd (CMHL) တို့နှင့် ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေး ညှိနှိုင်းခွင့်ရရှိခဲ့ခြင်း၊
- City Mart နှင့် ABC တို့၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီသောလုပ်ငန်း(၄)ခုမှ ထုတ်ကုန် ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ခြင်း စသည့် အကျိုးရလဒ်များ ရရှိလာပါသည်။

# သုံးသပ်တင်ပြချက်

## သုံးသပ်တင်ပြချက်

၁၆။ ဒေသတွင်းထုတ်ကုန် ပြပွဲ၊ ပြိုင်ပွဲများတွင် ပါဝင်ပြသသော လုပ်ငန်းများအပေါ် ကဏ္ဍအလိုက် စိစစ်သုံးသပ် တင်ပြရပါလျှင် -

- ဒေသဆိုင်ရာ SME Agency များမှတဆင့် MSME ဖွံ့ဖြိုးရေးအထောက်အကူပြု Action Plan များရေးဆွဲနိုင်ခြင်း၊
- စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်တွင် ပြည်သူအများ ပါဝင်လာအောင် ဆွဲဆောင်နိုင်ခြင်း၊
- ဒေသအလိုက် ရိုးရာလက်မှုပညာများကို ပြည်သူလူထုအား ချပြနိုင်သည့်အပြင် ဈေးကွက်အတွင်း အောင်မြင်စွာဝင်ရောက်နိုင်သည့် အခွင့်အလမ်းများ ရရှိစေခြင်း၊
- လုပ်ငန်းတူလုပ်ငန်းရှင်များ အချင်းချင်းချိတ်ဆက်ပြီး နည်းပညာများရယူ ဖလှယ် နိုင်ခြင်း၊
- အသေးစားစက်မှုလုပ်ငန်းမှသည် တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်လာနိုင် သည်ကို တွေ့ရှိရသည့်အတွက် ပြပွဲလာပြည်သူများအတွက် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ကူးစိတ်သန်းများကို ပေါ်ပေါက်စေ ခြင်း၊
- လုပ်ငန်းစတင်ထူထောင်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေတွေ့ရှိနိုင်ခြင်း
- ပြခန်းအချင်းချင်း စီးပွားရေးဈေးကွက်သတင်းများ ဖလှယ်ခြင်း၊ ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း၊
- MSME များ၏ ထုတ်ကုန်များကို ABC Convenience Store နှင့် City Mart Holding Co.,Ltd (CMHL) စသည့် စူပါမားကတ်များတွင် တင်သွင်းရောင်းချ နိုင်ခွင့်ရရှိလာခြင်း၊
- MSME များ၏ထုတ်ကုန်များကို အများပြည်သူအားမိတ်ဆက်ရှင်းလင်းနိုင်ခွင့် ရရှိလာခြင်း၊
- မိမိတို့ လုပ်ငန်းများ၏ အားနည်းချက်အားသာချက်များကို သိရှိလေ့လာသုံးသပ် နိုင်ခြင်း၊
- မိမိတို့၏ ထုတ်ကုန်များနှင့်ပတ်သက်သော Brand Awareness များရရှိခြင်း၊
- ချေးငွေရယူမှုနှင့်ပတ်သက်ပြီး မိမိတို့ဆောင်ရွက်ရမည့်အချက်များအား သိရှိလာ နိုင်ခြင်း၊
- ပို့ကုန်ဆိုင်ရာဗဟုသုတများနှင့် စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဗဟုသုတများ ရရှိလာခြင်း၊
- ဒေသတစ်ခု ထူးခြားထုတ်ကုန် ထုတ်လုပ်မှုမှတဆင့် ဈေးကွက်ထိုးဖောက်နိုင်ကြောင်း သိရှိနားလည်လာခြင်း၊

စသည့်လက်တွေ့ကျသော ထိရောက်မှုရှိသည့် အကျိုးကျေးဇူးများစွာကို ရရှိခဲ့ပါသဖြင့် MSMEs Trade Fair များပြုလုပ်ကျင်းပပေးခြင်းဖြင့် မူဝါဒ၊ ဈေးကွက်၊ နည်းပညာ၊ အရင်းအနှီးစသည့် မဟာဗျူဟာမြောက် အထောက်အပံ့များကို ရရှိစေရန် ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

## ရှေ့ဆက်ဆောင်ရွက်မည့် ပြပွဲ၊ ပြိုင်ပွဲအစီအစဉ်များ

၁၇။ ပြည်နယ်/တိုင်းဒေသကြီးများတွင် ဆက်လက်ကျင်းပသွားမည့် SME Trade Fair ပွဲ လျာထားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ကျင်းပမည့်တိုင်းဒေသကြီး ပြည်နယ် | ကျင်းပမည့်နေ့ | | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | Plan | (၁၇.၈.၂၀၁၈) မှ (၁၉.၈.၂၀၁၈) ထိ | မုံရွာ |
| ၂။ | နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး | Plan | (၁၂.၁၀.၂၀၁၈) မှ (၁၄.၁၀.၂၀၁၈) ထိ | ပဲခူး |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | Plan | (၁၆.၁၁.၂၀၁၈) မှ (၁၈.၁၁.၂၀၁၈) ထိ | ရန်ကုန် |
| ၄။ | မွန်ပြည်နယ်နှင့်ကရင်ပြည်နယ် | Plan | (၂၁.၁၂.၂၀၁၈) မှ (၂၃.၁၂.၂၀၁၈) ထိ | မော်လမြိုင် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | Plan | (၂၅.၁.၂၀၁၉) မှ (၂၇.၁.၂၀၁၉) ထိ | ထားဝယ် |
| ၆။ | ပြည်ထောင်စုနယ်မြေနေပြည်တော် (National Event) | Plan | (၁၅.၃.၂၀၁၉) မှ (၁၇.၃.၂၀၁၉) ထိ | နေပြည်တော် |

## ရလဒ်များအပေါ်အခြေခံ၍ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ

၁၈။ ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ပြပွဲနှင့်ပြိုင်ပွဲများ၏ **ရလဒ်များကို အခြေခံ၍** လက်တွေ့ဆောင်ရွက်သင့်သည်များကို သတ်မှတ်၍ တစ်ဖက်ဖော်ပြပါ **အစီအမံများ** (Action Plan) **များကို အကောင်အထည်ဖော်ရမည်** ဖြစ်ပါသည်-

(က) ဒေသအလိုက် ပြပွဲ၊ ပြိုင်ပွဲများတွင် ပါဝင်ပြသရောင်းချသော MSME လုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲများ (Issue) များကို စုစည်း၍ Agency တွင် တင်ပြ၍ ဖြေရှင်းဆောင်ရွက်ပေးရန်၊

(ခ) ချေးငွေလျှောက်ထားရာတွင် အထောက်အကူဖြစ်စေသည့် SME member Card အား ပြပွဲကျင်းပရာဒေသများတွင် အလွယ်တကူလျှောက်ထားနိုင်ရန် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ဆောင်မှုပေးရန်၊

(ဂ) ဘဏ်များနှင့်ချိတ်ဆက်ရန် အလေ့အထနည်းသော SME များအတွက် အထောက်အကူ ဖြစ်စေရန် ပြပွဲကျင်းပရာ ဒေသများ၌ ဘဏ်များကိုဖိတ်ခေါ်၍ ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

(ဃ) City Mart Holding အစရှိသော လက်လီရောင်းချသူများထံသို့ ဒေသထုတ်ကုန်များ တင်သွင်းရောင်းချနိုင်ရန်အတွက် ချိတ်ဆက်ပေးသွားရန်၊

(င) ဒေသအလိုက် ထူးခြားထုတ်ကုန်များ (Unique Products, Unique Region) ဖော်ထုတ်အားပေးမြှင့်တင်သည့်အစီအမံများ ဆောင်ရွက်သွားရန်၊

(စ) SME ထုတ်ကုန်များအား အများပြည်သူသို့ မိတ်ဆက်ရှင်းလင်းတင်ပြခြင်း အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားရန်၊

(ဆ) ဒေသအလိုက်ပြပွဲနှင့် ပြိုင်ပွဲပြုလုပ်ကျင်းပရာတွင် ပါဝင်ပြသယှဉ်ပြိုင်ခဲ့သည့် လုပ်ငန်းရှင်များအနက်မှ Potential ရှိသော လုပ်ငန်းများကို Data Record ပြုလုပ်၍ မှတ်တမ်းတင်ထားရှိပြီး နိုင်ငံတကာ Trade Fair များနှင့် Business Show များသို့ တက်ရောက်ပြသနိုင်ရေး စီစဉ်ပေးရန်။

## နိဂုံး

၁၉။ MSMEs ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှုစသည့် အကျိုးကျေးဇူးများ ထပ်လောင်းထားသည့် အကျိုးများစွာရှိသည့် ပြပွဲ၊ ပြိုင်ပွဲတစ်ခု ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ (MSMEs) အချင်းချင်း ချိတ်ဆက်ပြီး တီထွင်ဆန်းသစ်မှု၊ ထုတ်ကုန်အသစ်များ၊ အတွေ့အကြုံသစ်များ၊ စိတ်ကူးအသစ်များ အကောင်အထည်ဖော်ရန်နှင့် စီးပွားရေးဈေးကွက်အသစ်များ ချဲ့ထွင်ရန်အတွက် ကျင်းပသော ပြပွဲနှင့်ပြိုင်ပွဲများဖြစ်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူများစွာဖြစ်စေပါသဖြင့် ဒေသအလိုက် ဆက်လက်၍ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။